ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ်ကစတင်ထုတ်ဝေသည်
၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့ (20-2-2014) (၇၇၆၂)

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၃ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၃ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅ ဒီဂရီစင်တီဂရိတ်

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဦးညာဏ်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

တရုတ်-မြန်မာနှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yang Houlan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာစန်းလွင်၊ ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ တရုတ်-မြန်မာနှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံချက် လက်တွေ့အကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ကမ္ဘာကျော်ဦးပိန်တံတားကြီး ရှေးမူမပျက်ပြန်လည်ပြုပြင်မည်

မင်းထက်အောင်
(မန်းကိုယ်ပွား)

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကမ္ဘာကျော်သစ်သားတံတားကြီးဖြစ်သည့် ဦးပိန်တံတားကြီးအား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံမှုလုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

အမရပူရမြို့နယ်အတွင်းရှိ တောင်သမန်အင်းကို ဖြတ်ကျော်၍ အမရပူရမြို့ဟောင်းနှင့် ရတနာပုံတက္ကသိုလ်ကို ဆက်သွယ်တည်ဆောက်ထားပြီး နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိသည့် ဦးပိန်တံတားကြီးမှာ ယခုအခါ ကြံ့ခိုင်မှု အားနည်းနေသောကြောင့် ရှေးဟောင်းသုတေသနနှင့် အလှူရှင်များ၊ အသင်းအဖွဲ့များ စုပေါင်းပြုပြင်ထိန်းသိမ်းရန် စီစဉ်ဆောင်ရွက်နေကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ယနေ့ **မာတိကာ**

ကျောင်းတိုင်းက ကြားစေသား
စာမျက်နှာ - ၂

တတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး
စာမျက်နှာ - ၆

One Direction အား ဂျက်စတင်ဘီဘာလိုအမှားမျိုး မဖြစ်စေလို
စာမျက်နှာ - ၁၂

မန်ယူအသင်း ထိပ်ဆုံးလေးသင်းစာရင်း ဝင်နိုင်သေးကြောင်း မာတာဖွင့်ဟ
စာမျက်နှာ - ၁၃

ကြေးမုံစာတည်းရှုထောင့် ၂၀-၂-၂၀၁၄၊ ကြာသပတေးနေ့

ကျောင်းတိုင်းက ကြားစေသား

လူသားဘဝမှာ အရွယ်သုံးပါးကိုဖြတ်သန်းကြရစမြဲဖြစ်သည်။ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် တရားရှာရင်း ဘဝခရီးကိုဖြတ်သန်းကြရာတွင် တချို့ပင်ပင်ပန်းပန်းနှင့်ရှိသလို တချို့အဆင်ပြေပြေနှင့် ပြေပြေလည်လည်ရှိနေကြသည်။ ကံတူအကျိုးပေးဟုဆိုကြရပါမည်။

ပထမအရွယ် ပညာသင်ယူရာတွင် မိဘဆရာသမားတို့၏ အေးရိပ်မှာ ချွေးသိပ်ရင်း မပင်မပန်းရှိကြသလို တချို့ ဘဝပေးအခြေအနေမကောင်းကြ။ ပညာကိုဆုံးခန်းမတိုင်ဘဲ အရွယ်နှင့်မလိုက်အောင် ရုန်းကန်ကြရနှင့်၊ ထိုထိုသော အရွယ်လေးများ ဒုတိယအရွယ်ကိုဖြတ်သန်းရပုံချင်းလည်း ကွဲပြားသွားကြရပါသည်။ သို့သော် တချို့ ပညာတတ်များ ဘဝအခြေအနေမလှဖြစ်သွားတတ်သူများရှိသလို တချို့ အတန်းပညာမှာချို့ယွင်းခဲ့ငြားလည်း ဘဝကံအကျိုးပေးကောင်းသူများကို ဒုတိယအရွယ်မှာ မြင်တွေ့နေရသည်။ လောက၏မာယာသဘောသဘာဝဟုပင် ဆိုရမည်လား။

သို့သော် တတိယအရွယ် ဘဝနေညိုချိန်မှာကား အားလုံးအမှီအခိုတစ်ခုခုကိုအားကိုးပြုလာကြရပြီ။ စိတ်သွားတိုင်းကိုယ်မပါ လိုရာဆန္ဒအတိုင်းဖြစ်မလာနိုင်တော့ပါပြီ။ ဇရာ၏အရိပ်ကို နိမိတ်ရုပ်ခန္ဓာအိမ်က ဇာတိပြလာပြီ။ ပထမအရွယ်၊ ဒုတိယအရွယ်ကာလများတွင် ကြုံလာသမျှလောကဓံကို ကြံ့ကြံ့ခံနိုင်ရည်ရှိခဲ့သလောက် တတိယအရွယ်မှာ အားအင်ကုန်ခန်းချည့်နဲ့လာခဲ့ရပြီ။ ပြင်ပမှဝင်လာသည့် လောကဓံတရားများကို ခံနိုင်ရည်မရှိဖြစ်လာရသည်။ တစ်ချိန်က ကြံ့ကြံ့ခံရပ်တည်ပေးခဲ့သည့် မိမိ၏ခန္ဓာအိမ်သည်လည်း ယခုအခါ ဝန်ထုပ်ဝန်ပိုးပမာ စိတ်သွားတိုင်းကိုယ်မပါ လေးလံထိုင်းမှိုင်းရှိလာပြီ။ ခရီးတစ်လျှောက်လုံးမှာ သွားလာလှုပ်ရှားပေါ့ပေါ့ပါးပါးအစဉ်ရှိနေခဲ့သော ခန္ဓာအိမ်သည် တတိယအရွယ်ဘဝနေညိုချိန်မှာ မနိုင်၊ ဝန်ထုပ်ဝန်ပိုးဖြစ်လာခဲ့ရပြီ။ ဤအချိန်တွင် နေညိုချိန်လက်ကျန်ဘဝခရီးအတွက် အမှီသဟဲပြုစရာလိုအပ်လာခဲ့ပါပြီ။

"ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား"ဟူသည် လူ့ဝတ္တရားတစ်ရပ်ဖြစ်သလို မြန်မာမှုနယ်ပယ်၏ အစဉ်အလာကျင့်ဝတ်ကောင်းတစ်ရပ်လည်းဖြစ်ပါသည်။ အထူးသဖြင့် အရွယ်အို မိဘ၊ ဆရာသမားများအား ဝတ်မပျက် ပြုစုစောင့်ရှောက်မှုပြုကြသည်မှာ မြန်မာတို့၏ထုံးတမ်းစဉ်လာ အခြေခိုင်မာပြီးသော ယဉ်ကျေးမှုတစ်ရပ်လည်း ဖြစ်ပါသည်။

မိအိုဖအိုများကို သားသမီးများက စောင့်ရှောက်ကြသလို အနန္တဂိုဏ်းဝင်မြတ်ဆရာအိုများကိုလည်း တပည့်များက ဝန်းရံကာဝိုင်းဝန်းစောင့်ရှောက်ပေးနေကြသည်။ သက်ကြီးရွယ်အိုစောင့်ရှောက်မှုတွင် ဥပဒေတစ်ရပ်ထုတ်စရာမလိုသော မြန်မာမှုထုံးဓလေ့တစ်ရပ်အဖြစ် မြန်မာ့လူ့အသိုင်းအဝိုင်းကြားမှာ အားကောင်းမောင်းသန်ရှင်သန်လျက်ရှိနေဆဲပါ။

တစ်နှစ်တစ်ခါသက်ကြီးဆရာပူဇော်ပွဲများ ကျင်းပ ဂါရဝပြုကြသလို ဆရာအိုများ၏ကျန်းမာရေးကအစ အစစတာဝန်ယူပေးလျက်ရှိနေကြသည်။ အထက(၂)ဒဂုံကျောင်းသားဟောင်းများ၏ အငြိမ်းစားဆရာကြီး ဆရာမကြီးများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသောမြင်ကွင်းနှင့် သတင်းတစ်ပုဒ်ကို မြင်တွေ့ဖတ်လိုက်ရသည်။ အထက(၂) ဒဂုံမြို့မကျောင်းမှ ပင်စင်စား ဆရာကြီး ၁၃၅ ဦးအား ကျောင်းသား ကျောင်းသူဟောင်း ဆရာဝန်၊ ဆရာမ ၁၂ ဦးတို့က တတိယအကြိမ် ကျန်းမာရေးစောင့်ရှောက်မှုပေးကြခြင်း၊ ဆရာအိုများ၏ သွေးတိုး၊ နှလုံး၊ ဆီးချိုသွေးချို၊ ကျောက်ကပ်နှင့် အခြားသော အထွေထွေရောဂါများကို စစ်ဆေးကုသပေးကြပြီး လိုအပ်ပါက ဆေးစစ်ချက်ရလဒ်များအပေါ်မူတည်ကာ အထူးကုသမားတော်ကြီးများနှင့် ချိတ်ဆက်လျက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်လုပ်ပေးသွားမည်ဟု သိရသည်။

နှစ်စဉ်ဆရာကန်တော့ပွဲပြုလုပ်ချိန် ကျန်းမာရေးမကောင်း၍ မလာရောက်နိုင်သော ဆရာကြီး ဆရာမကြီးများရှိနေသဖြင့် ဤကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစတင်ဖြစ်ပေါ်လာရပါကြောင်း တပည့်ဆရာဝန်တစ်ဦး၏ ရှင်းပြချက်အရ သိရသည်။ သူတို့မှာလိုအပ်နေသည်ကား ရန်ပုံငွေ၊ တပည့်ကျောင်းသားဟောင်းများ ကုသိုလ်ယူနိုင်ကြပါစေ။

"ဒီလိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ကျောင်းတိုင်းမှာ ရှိစေချင်ပါတယ်။ ဆေးကုသခံအငြိမ်းစား ဆရာမကြီးတစ်ဦး၏ ဘဝတူများအတွက် မျှဝေခံစား စေတနာစကား၊ ဆရာမကြီးရင်တွင်းစေတနာစကားကို တစ်နိုင်ငံလုံးရှိ ကျောင်းတိုင်းကကြားသိနိုင်ကြပါစေ။ ။

အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖြစ်သော မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High Level Task Force for Economic Integration-HLTF-EI)၏ (၂၅)ကြိမ်မြောက်အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန အထွေထွေမန်နေဂျာ H.E. Datuk Dr. Robocca Fatima Sta က ဆောင်ရွက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ အာဆီယံစီးပွားရေးဆိုင်ရာ ဒုတိယဝန်ကြီးအဆင့်ရှိ အဆင့်မြင့်အရာရှိကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံအသီးသီးမှကိုယ်စားလှယ်များ၊ အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနဌာန၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ရာဂျာရက်နမ်အပြည်ပြည်ဆိုင်ရာ လေ့လာရေးကျောင်းနှင့် အရှေ့တောင်အာရှဆိုင်ရာလေ့လာရေးဌာနတို့မှ ကိုယ်စားလှယ် ၅၀ ခန့် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တင်ပြသည့် အာဆီယံစီးပွားရေး အသိုက်အဝန်း (၂၀၁၅)အတွက် အာဆီယံပြည်သူလူထု၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးမဟာဗျူဟာဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု၊ ၂၀၁၅ ခုနှစ်နောက်ပိုင်း အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အခြေအနေနှင့် ပတ်သက်၍ အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနဌာန (Economic Research Institute for ASEAN and East Asia-ERIA) နှင့် ရာဂျာရက်နမ်အပြည်ပြည်ဆိုင်ရာလေ့လာရေးကျောင်းနှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ လေ့လာရေးဌာန (Rajaratnam School of International Studies and Institute for Southeast Studies-RSIS-ISEAS)တို့၏ သုတေသနစာတမ်းများ၊ ERIA ၏ အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်နိုင်မှု အကဲဖြတ်ဇယားအဆင့်(၄)၏ အခြေအနေ၊ ISEAS နှင့် Asian Development Bank (ADB) တို့၏ အာဆီယံစီးပွားရေး အသိုက်အဝန်း ဖြစ်ပေါ်တိုးတက်မှုစာတမ်းနှင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Conprehensive Economic Partnership-RCEP) ထူထောင်မှုဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးဆုံးဖြတ်ခြင်း၊ အမြင်ဖလှယ်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ အစည်းအဝေး၏ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်များမှ အကြိမ်(၂၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ တင်ပြမည့်အချက်အလက်များကို ပြုစုကြမည်ဖြစ်ကာ ပိုမိုကျစ်လျစ်ခိုင်မာသော အာဆီယံအတွင်းရေးမှူးချုပ်ရုံးဖြစ်ပေါ်လာရေးအတွက်လည်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **(သတင်းစဉ်)**

ရွှေဈေး ... နိုင်ငံခြားငွေလဲလှယ်နှုန်း

...ဝါရီ ၁၉

ရန်ကုန် ရွှေဈေး	၆၈၄၅၀၀	- ၆၈၅၅၀၀
မန္တလေး ရွှေဈေး	၆၈၄၅၀၀	- ၆၈၅၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၂၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၅၈. ၆
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၁. ၈၄
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၆၇
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၂၃၀
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၈. ၅၅
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၇၃
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၆၄. ၉၀
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၄၈၅
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၀. ၇၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



ပြည်တွင်းရေးရာ

*** ကမ္ဘာကျော်မှ**

"ဦးပိန်တံတားကြီးက မန္တလေးရောက် ပြည်ပခရီးသည်တွေအတွက် မလာမဖြစ်ပါပဲ။ အထူးသဖြင့် ညနေနေဝင်ချိန်ဆည်းဆာကို လာကြည့်တဲ့သူတွေ အရမ်းများတယ်။ ဒီလိုရာသီဆိုရင် ညနေတံတားပေါ်မှာ လူ ၁၀၀၀ ကျော်လောက် တက်ရောက်လည်ပတ်နေတဲ့အတွက် တံတားကြံ့ခိုင်မှုအရ စိုးရိမ်ဖွယ်ရာအခြေအနေ ဖြစ်ပေါ်နေပါတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါ ဦးပိန်တံတားကြီးကို ပြုပြင်ထိန်းသိမ်းရန်အတွက် စိတ်ပါဝင်စားသည့် အလှူရှင်များအနေဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ရှေးဟောင်းလက်ရာများမထိခိုက်၊ မပျက်စီးစေဘဲ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာတွင် မရှိသေးသည့် အရှည်ဆုံး သစ်သားတံတားကြီးဖြစ်သည့်အပြင် ကျွန်းသစ်များဖြင့်သာ တည်ဆောက်ထားခြင်းကြောင့် နိုင်ငံတကာမှ စိတ်ဝင်စားခြင်းဖြစ်ကာ ပြုပြင်မှုလုပ်ဆောင်ရာတွင်လည်း ရှေးမူမပျက်ပြုပြင်နိုင်ရန်လိုအပ်ကြောင်း မန္တလေးမြို့ခံ ဦးစိန်မြင့် (ရွှေချည်ထိုး)က သုံးသပ်ပြောကြားသည်။

"ရှေးမူမပျက်ဖြစ်ဖို့ဆိုရင် ကျွန်းသားစစ်စစ်တိုင်များနဲ့ လဲလှယ်ပြုပြင်မှသာ မူရင်းလက်ရာမပျက်မှာပါ။ လက်ရှိဦးပိန်တံတားမှာ အုတ်တိုင်တွေ အစားထိုးပြီး ပြုပြင်ထားတာကိုလည်း နိုင်ငံခြားသားခရီးသည်တွေ သတိပြုမိကြတယ်"ဟု ၎င်းက ပြောသည်။

သမိုင်းကြောင်းရှိသည့် အဆောက်အအုံဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန် ပြုပြင်ထိန်းသိမ်းရန်လိုအပ်ကြောင်း မြန်မာမှုပညာရှင် ဦးဝင်းမောင်(တမ္ပဝတီ)က အကြံပြုပြောကြားသည်။

ဦးပိန်တံတားကြီးသည် မြန်မာနှင့်ကမ္ဘာကျော်ရှုခင်းကောင်းတစ်ခုဖြစ်ပြီး အပန်းဖြေလှေလာရန် နေရာကောင်းတစ်ခုလည်းဖြစ်သည်။ အဆိုပါ တံတားကြီးသည် အရှည်အားဖြင့် ၃၉၇၆ ပေရှိပြီး နားနေဇရပ် လေးဆောင်၊ ဖောင်ကြောင်းကိုးခု၊ တိုင်ပေါင်း ၉၈၄ တိုင်၊ အခန်းပေါင်း ၄၈၂ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိရသည်။

အနာဂတ်တွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံကြား ပိုမိုချစ်ကြည်ခိုင်မာသောဆက်ဆံရေးများ ဖြစ်ထွန်းလာမည်ဟုယုံကြည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၇ နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံမဏ္ဍိုင် (၃)ရပ်မှ တာဝန်ရှိသူများက ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရာတွင် အသုံးပြုမည့် Logo ဒီဇိုင်းကို ကူညီဖန်တီးရေးဆွဲခဲ့သော ဂျပန်နိုင်ငံအခြေစိုက် Grape City Inc. မှ ဒါရိုက်တာ Mr. John E. BROMAN ဦးဆောင်သည့်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တစ်ရပ်ကျင်းပပေးခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က နောက်ခံ အစိမ်းရောင်ပေါ်တွင် အာဆီယံ ၁၀ နိုင်ငံကို ကိုယ်စားပြုသည့် ခရေပန်း ၁၀ ပွင့်ပါ အာဆီယံလိုဂိုသည် "ရှေ့သို့တူညီတက်လှမ်း၍ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ" ဟူသော ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ ဆောင်ပုဒ် (Theme)၏ အဓိပ္ပာယ်ကို ထင်ဟပ်စေကြောင်း၊ ထို့ပြင် ၂၀၁၄ ခုနှစ် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြမည့် နိုင်ငံအကြီးအကဲများကို အထူးလက်ဆောင်အဖြစ်ပေးအပ်မည့် မြန်မာနိုင်ငံ၏ ယဥ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအလှတရားများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မှတ်တမ်းတင်ရိုက်ကူးထားသည့် ဓာတ်ပုံများထည့်သွင်းထားသည့် "Friendly Myanmar Photos Table Book" အား ပုံနှိပ်ထုတ်လုပ်ပေးမှုအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခု ၂၀၁၄ ခုနှစ်တွင်လည်း မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအနေဖြင့်လည်း မကြာသေးမီက အာဆီယံနှင့် ဂျပန်ဆက်ဆံရေး နှစ် (၃၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံနှင့် အဆွေတော်တို့ ဂျပန်နိုင်ငံအကြား ပိုမိုချစ်ကြည်ခိုင်မာသော ဆက်ဆံရေးများ ဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ဆက်လက်ပြီး အဆွေတော်တို့ Grape City Inc. နှင့် ပညာရေး လူမှုဖွံ့ဖြိုးရေးနှင့် ဆော့ဖ်ဝဲလ်ဒီဇိုင်းများ ထုတ်လုပ်ခြင်း ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အာဆီယံမဏ္ဍိုင် (၃)ရပ်မှ ပြည်ထောင်စုဝန်ကြီးများက Grape City Inc. မှ ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(သတင်းစဉ်)**

တိုဂံပတ်လမ်းဖောက်လုပ်

ဖေဖော်ဝါရီ ၁၉ ရက်က မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အမရပူရမြို့နယ် မြစ်ငယ်တံတားထိပ် ၁၂ မိုင် လမ်းဆုံ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် တိုဂံပတ်လမ်း စတင် ဖောက်လုပ်နေသည်ကို တွေ့ရစဉ်။

(မောင်မောင်စိုး-မြစ်ငယ်)

နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ ပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီ ပြုပြင်မွမ်းမံ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျုံတာကျေးရွာ ပုဗ္ဗာရုံကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်ထားသော နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ ပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူခြင်းနှင့် အဆောက်အအုံများ ဘက်စုံမွမ်းမံပြုပြင်လျက်ရှိကြောင်း ပုဗ္ဗာရုံကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ သိရသည်။

အဆိုပါ ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ဧပြီလ (မဟာသင်္ကြန်ရက်များ) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

ယခုအခါ စေတီတော်ပရိဝုဏ်အတွင်း၌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် ရဟန္တာအရှင်သူမြတ်များ ဆွမ်းခံကြွချီတော်မူပုံတို့ကို စောင်းတန်းဆောက်လုပ်လှူဒါန်းရာ အလှူရှင်ဦးကျော်စိုး ဒေါ်ကြည်ကြည်ဝင်းမိသားစု (ဒဂုံမြို့သစ်တောင်ပိုင်း)တို့က လှူဒါန်းကြကြောင်း သိရပြီး ရွှေသင်္ကန်းတော်နှင့် ဘက်စုံပြုပြင်မွမ်းမံမှုများကို သဒ္ဓါကြည်ဖြူပေးအပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခင်မောင်ဝင်း)

ဒီမိုကရေစီ အနှစ်သာရ ခံစားလိုက အခွန်ပေးကြ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၂-၂၀၁၄ (ကြာသပတေးနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်	၃း၃၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားရဲ့သုခကမ္ဘာ" (အပိုင်း-၂၂)
၇း၂၀	ပြည်သူတို့ရဲ့စကားသံများ	၄း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၇း၃၅	"မီးကိုနိုင်တဲ့မီး"	၄း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားရဲ့သုခကမ္ဘာ" (အပိုင်း-၂၂)
၇း၅၀	မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း စကားဝိုင်းဆွေးနွေးခန်း (အပိုင်း-၃)	၄း၃၀	"၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာသိကောင်းစရာ" (ဘောဂဗေဒဘာသာရပ်)
၈း၂၅	အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၁၆၇)	၅း၃၀	အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၁၆၈)
၁၀း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၂၁)	၆း၄၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၂၂)
၁၂း၂၅	မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်ကိုလျှော့မတွက်နဲ့" (ပြေတီဦး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကျော်ဇောလင်း)		

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၍ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဖေ၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဇော်နှင့် မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်တို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပြပွဲတွင် သမိုင်းဝင်ပင်လုံစာချုပ်နှင့် ပင်လုံစာချုပ်တွင်လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားကိုယ်စားလှယ်တို့၏ ဓာတ်ပုံများ၊ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ၏ဓာတ်ပုံများ၊ မြန်မာ့ရှုခင်းအလှအပများ၊ အထင်ကရမှတ်တမ်းဓာတ်ပုံများနှင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေး သုတ၊ ရသနှင့် ဆောင်းပါးစာအုပ်များကို ပြသထားပြီး ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူများ စုစုပေါင်း ၂၀၀ ကျော် လေ့လာကြည့်ရှုကြပြီး ပြပွဲကိုနှစ်ရက်ကြာ ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

တရုတ်လုံခြုံရေး အကြီးအကဲဟောင်းနှင့် ဆက်နွှယ်သူထိပ်တန်းအရာရှိ စစ်ဆေးခြင်းခံရသည်ဟုဆို

ပေကျင်း ဖေဖော်ဝါရီ ၁၉

တရုတ်နိုင်ငံတွင် လုံခြုံရေးအကြီးအကဲဟောင်း ကျောက်ယန်ကန့်(ယာ)နှင့် အဆက်အသွယ်ရှိသည့် ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကို စုံစမ်းစစ်ဆေးမှုပြုလုပ်လျက်ရှိကြောင်း နိုင်ငံပိုင်မီဒီယာများကို ကိုးကား၍ ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဟိုင်နန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ကျိဝမ်လင်(ဝဲ)သည် ဥပဒေများနှင့် စည်းမျဉ်းများကိုကြီးမားစွာချိုးဖောက်ခဲ့သည်ဟု သံသယရှိသည့်အတွက် ၎င်းကိုစစ်ဆေးလျက်ရှိကြောင်း တရုတ်ကွန်မြူနစ်ပါတီ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပြောသည်။

သမ္မတ ရှီကျင့်ဖျင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်နေစဉ် ပေါ်ပေါက်လာသော အဆိုပါစုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထုတ်ပြန် ကြေညာခြင်းမပြုပေ။

တရုတ်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများကို ကွပ်ကဲသောအဖွဲ့လည်းဖြစ်၊ တရုတ်ကွန်မြူနစ်ပါတီ၏ အဆုံးအဖြတ်ပေးသော ထိပ်တန်းအဖွဲ့လည်းဖြစ်သည့် ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီ၏ အဖွဲ့ဝင်အဖြစ် ၂၀၁၂ခုနှစ်အထိ ကျောက်ယန်ကန့်က တာဝန်ထမ်းဆောင်ခဲ့သည်။

မကြာသေးမီလများအတွင်း၌ မစ္စတာကျောက်၏ နိုင်ငံရေးမိတ်ဆွေများနှင့် စီးပွားရေး လုပ်ငန်းအချို့ကို အသေးစိတ်စိစစ်မှုများ ပြုလုပ်ခဲ့သည်။ သို့သော် တရားဝင်ထုတ်ပြန်ကြေညာခြင်း မပြုလုပ်ပေ။

မစ္စတာကျောက် မြေယာအရင်းအမြစ်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်က မစ္စတာကျိက ၎င်းနှင့်လက်တွဲ အလုပ်လုပ်ခဲ့သည်။ မစ္စတာ ကျောက် စီချွမ်ပြည်နယ်ပါတီ အတွင်းရေးမှူးအဖြစ် တာဝန်ယူစဉ်ကလည်း မစ္စတာကျိသည် ၎င်း၏လက်ထောက်ဖြစ်ခဲ့သည်။

မစ္စတာကျိသည် ၂၀၀၃ခုနှစ် ဧပြီလမှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလအထိ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ အထွေထွေရုံး၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာကျောက်က ၎င်းဝန်ကြီးဌာန၏ ဝန်ကြီးအဖြစ် ၂၀၀၂ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တာဝန်ယူခဲ့သည်။

မစ္စတာကျောက်ကို နေအိမ်အကျယ်ချုပ်အဖြစ် ထိန်းသိမ်းထားသည်ဟူသော အတည်မပြု နိုင်သောသတင်းများ ပျံ့နှံ့လျက်ရှိသည်။

၎င်းသည် ချုံကွင်းပါတီ အကြီးအကဲဟောင်း ဘိုရှီလိုင်းကို ထောက်ခံသူဖြစ်သည်။ ဘိုရှီလိုင်းသည် လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေးအလွဲသုံးစားမှု၊ အာဏာအလွဲသုံးစားမှုများ ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်များဖြင့် ထောင်ဒဏ်တစ်သက်ကျခံနေရသည်။ သို့သော် ၎င်းကို ထောက်ခံသူများကမူ နိုင်ငံရေးအရ အပုပ်ချမှုခံရခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ **ဘီဘီစီ။**

ဘေရွတ်တွင် ဗုံးခွဲမှုနှစ်ကြိမ်ဖြစ်ပွား လူနှစ်ဦးသေဆုံး၊ ၃၂ဦးဒဏ်ရာရရှိ

ဘေရွတ် ဖေဖော်ဝါရီ ၁၉

လက်ဘနွန်နိုင်ငံမြို့တော်ဘေရွတ်ရှိ အီရန်ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းရှိသည့်နေရာတွင် ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက အသေခံဗုံးခွဲမှုနှစ်ကြိမ်ဖြစ်ပွားရာ လူနှစ်ဦးထက်မနည်း သေဆုံး၍ ၃၂ဦးဒဏ်ရာရရှိကြောင်း အယ်လ်ဂျာဒက် ရုပ်မြင်သံကြားက မျက်မြင်တွေ့ရှိသူများ၏ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြသည်။

ဘေရွတ်မြို့တောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာများ ၏ အချက်အချာကျရာဒေသ ဘားဟစ်ဆန်ရပ်ကွက်ရှိ အီရန်ယဉ်ကျေးမှု ဆိုင်ရာရုံး အနီး၌ မော်တော်ဆိုင်ကယ်တစ်စီးပေါ်တွင် ထောင် ချောက်ဗုံးဆင်ကာ ဖောက်ခွဲခြင်းဖြစ်ကြောင်း၊ အခြား မော်တော်ဆိုင်ကယ်ပေါ်တွင်လည်း အသေခံဗုံးခွဲသမားတစ်ဦး လိုက်ပါလာပြီး တစ်ပြိုင်တည်း အသေခံဗုံးဖောက်ခွဲလိုက်ကြောင်း သတင်းများတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

ပြန်ပေးဆွဲခံရသော အီရန်နယ်ခြားစောင့်တပ်ဖွဲ့ဝင် ငါးဦးနှင့် စစ်သွေးကြွတစ်ဦးတို့ကို တွေ့မြင်ရစဉ်။

တပ်ဖွဲ့များစေလွှတ်ခြင်း မပြုရန် ပါကစ္စတန်က အီရန်သို့ သတိပေး

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၉

ပြန်ပေးဆွဲခံရသော နယ်ခြားစောင့်တပ်ဖွဲ့ဝင် ငါးဦးကို ပြန်လည်ရယူရန်အတွက် နှစ်နိုင်ငံနယ်စပ်ကိုဖြတ်ကျော်၍ တပ်ဖွဲ့များကိုစေလွှတ်ခြင်းမပြုရန် ပါကစ္စတန်နိုင်ငံက အီရန်နိုင်ငံကို အင်္ဂါနေ့တွင် သတိပေးခဲ့သည်။

အဆိုပါပြန်ပေးဆွဲခြင်းသည် ဒေသဆိုင်ရာနှင့် လူမျိုးစုဆိုင်ရာတင်းမာမှုများ ပြန်လည်ပေါ်ပေါက်လာစေရန် ခြိမ်းခြောက်လျက်ရှိသည်။

ပါကစ္စတန်နိုင်ငံက စစ်သွေးကြွများအပေါ် လိုအပ်သောအတိုင်းအတာအထိ တိုက်ခိုက်မှုများ မပြုလုပ်ခဲ့လျှင် အီရန်နိုင်ငံအနေဖြင့် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့များ ပါကစ္စတန်နိုင်ငံအတွင်းသို့ စေလွှတ်ရန် စဉ်းစားရမည်ဟု အီရန် ပြည်ထဲရေးဝန်ကြီး အဗ္ဗဒူရီဇာရာမာနီ-ဖာဇာလီက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

လေးစားရမည်

အီရန်တပ်ဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ပြီး ၎င်းတို့၏နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ရန် အခွင့်အာဏာမရှိကြောင်း၊ နိုင်ငံတိုင်းသည် အခြားနိုင်ငံ၏နယ်စပ်ကိုလေးစားရမည်ဖြစ်ကြောင်း ပါကစ္စတန်အစိုးရ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

စစ်သွေးကြွများသည် ဖေဖော်ဝါရီ ၆ရက်တွင် နယ်စပ်မှ အီရန်နိုင်ငံအတွင်း သုံးမိုင်ခန့်အကွာအဝေးအထိ ဝင်ရောက်၍ နယ်ခြားစောင့်တပ်ဖွဲ့ဝင်ငါးဦးကိုဖမ်းဆီးကာပါကစ္စတန်နိုင်ငံအတွင်းသို့ ခေါ်ဆောင်သွားကြောင်း ရှီးယိုက်တို့ ကြီးစိုးသည့် အီရန်နိုင်ငံက ပြောသည်။

ဆွန်နီအီရန်သောင်းကျန်းသူအုပ်စုတစ်စုဖြစ်သည့်ဂျေစ်အဲလ်-အဒဲလ်က အဆိုပါပြန်ပေးဆွဲခြင်းသည် ၎င်းတို့၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း ကြေညာခဲ့သည်။ **ရိုက်တာ။**

ယူကရိန်းဆန္ဒပြပွဲ ၂၅ဦးသေဆုံး

ကိယဗ် ဖေဖော်ဝါရီ ၁၉

ယူကရိန်းနိုင်ငံကိယဗ်မြို့တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၁၉ရက် နံနက်စောစောပိုင်းအထိ ဆူပူအုံကြွမှုများ ဆက်လက်ဖြစ်ပွားရာ သေဆုံးသူပေါင်း ၂၅ ဦး ထက်မနည်းရှိကြောင်း ယူကရိန်းနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ဖေဖော်ဝါရီ ၁၈ ရက် ညနေပိုင်းက ကိဗ်မြို့ အလယ်ပိုင်းရှိ ဆန္ဒပြသမားများ၏ စခန်းရှိရာ သို့ ယူကရိန်းတပ်ဖွဲ့ဝင်များက ဝင်ရောက် စီးနင်းရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ပွားကြခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်အတွင်း နှစ်ဘက်စလုံးမှ လူ ၃၀၀ ကျော် ဒဏ်ရာရရှိကြောင်း သတင်းဌာနက ပြောကြားသည်။

ထိုစဉ်အတွင်း ရဲတပ်ဖွဲ့ဝင်များဘက်မှ ရဲအရာရှိကိုးဦးသေဆုံး၍ နှစ်ဘက်စလုံးမှ ၃၇၁ဦးဒဏ်ရာရရှိကြောင်း၊ ဖေဖော်ဝါရီ ၁၈ရက် ည ၈နာရီခွဲခန့်တွင် ရဲတပ်ဖွဲ့က ဆန္ဒပြသမားများရှိရာသို့ ဝိုင်းထားပြီး နှိမ်နင်းရာမှ အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ။

ထိုင်းနိုင်ငံတွင် ဆန္ဒပြသူများအပေါ် အင်အားမသုံးရန် တရားရုံးက အမိန့်ထုတ်

ဘန်ကောက် ဖေဖော်ဝါရီ ၁၉

ထိုင်းနိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားသဖြင့် လူငါးဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိခဲ့ပြီးနောက်နေ့တွင် ဆန္ဒပြသူများအပေါ် အင်အားသုံးခြင်းမပြုရန် ထိုင်းတရားရုံးတစ်ရုံးက အစိုးရကို ဗုဒ္ဓဟူးနေ့တွင် အမိန့်ထုတ်လိုက်သည်။

ဝန်ကြီးချုပ်ကထုတ်ပြန်သော အချို့အမိန့်များနှင့် အရေးပေါ်အခြေအနေအမိန့်အောက်မှ အထူးလုံခြုံရေးတပ်ဖွဲ့ ဌာနချုပ်တို့သည် ဆန္ဒပြသူများ၏အခြေခံဥပဒေပါ အခွင့်အရေးများကို ချိုးဖောက်သဖြင့် တရားမဝင်ဟု တရားမရုံးက ဆုံးဖြတ်သည်။

တားမြစ်သောအမိန့်များတွင် ငါးဦးနှင့် ငါးဦးအထက်လူများစုဝေးခြင်း၊ အဆောက်အအုံများအတွင်းသို့ ဝင်ရောက်ခြင်းနှင့် ဆန္ဒပြသူများက လမ်းများအသုံးပြုခြင်းတို့အား တားဆီးပိတ်ပင်ခြင်းတို့ပါဝင်သည်။

တရားရုံးသည် အစိုးရက တပ်ဖွဲ့များအသုံးပြုခြင်းကိုလည်း တားမြစ်သည်။ သို့သော် ဆန္ဒပြသူများက အရေးပေါ်အခြေအနေကို ရုပ်သိမ်းပေးရန် မေတ္တာရပ်ခံခြင်းကိုမူ ငြင်းပယ်ခဲ့သည်။ **အေပီ။**

တောင်အာဖရိကတွင် ရွှေတွင်းဟောင်းအတွင်းမှ ရွှေခိုးသူနှစ်ဦးအလောင်း တွေ့ရှိ

ဂျိုဟန်နက်(စ်)ဘတ် ဖေဖော်ဝါရီ ၁၉

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်(စ်)ဘတ်မြို့၏အရှေ့ဘက်ရှိ သတ္တုတွင်းဟောင်းတစ်ခုအတွင်း၌ တရားမဝင် ရွှေတူးသူနှစ်ဦး၏အလောင်းကို အင်္ဂါနေ့တွင် တွေ့ရှိခဲ့သည်။

မြေအောက်ဥမင်အတွင်း၌ ရက်ပေါင်းအတန်ကြာပိတ်မိနေသည့် ရွှေခိုးတူးသူလူ ၂၀ ကျော်ကို မကြာသေးမီက ကယ်တင်ခဲ့ရသော နယ်မြေအတွင်းမှာပင် အဆိုပါသတ္တုတွင်းဟောင်းရှိသည်။

ဖမ်းဆီး

ဥမင်အတွင်းမှ လွတ်မြောက်လာစဉ်မှာပင် ရဲတပ်ဖွဲ့က ၎င်းတို့ကိုဖမ်းဆီးခဲ့သည်။ ၎င်းတို့နှင့်ပြိုင်ဘက် ရွှေခိုးတူးသူများအုပ်စုက ၎င်းတို့ကို ဥမင်အတွင်း ပိတ်ဆို့ထားခဲ့ခြင်းဖြစ်သည်ဟု သတင်းများက ဆိုသည်။

တရားမဝင်ရွှေတူးသည့်အမှု ကျူးလွန်သည်ဟူသော စွပ်စွဲချက်ဖြင့် တရားရုံးတွင် ရင်ဆိုင်ကြရမည်ဖြစ်သည်။

ဂျိုဟန်နက်(စ်)ဘတ်အနီး ဘီနိုနီမြို့ဝန်းကျင်တွင် စွန့်ပစ်ထားသော သတ္တုတွင်းဟောင်းများ ပျံ့နှံ့လျက်ရှိသည်။ ရွှေများ တူးဖော်ရနိုင်သေး သည်ဟူသော အလားအလာကြောင့် လီဆိုသို၊ မိုဇမ်ဘစ်၊ ဇင်ဘာဘွေနိုင်ငံတို့မှ ယောက်ျားသားများ ရောက်ရှိလာကြသည်။

အဆိုပါရွှေတူးသူနှစ်ဦးသည် ရက်အနည်းငယ်က ကျောက်တုံးများပြိုကျသဖြင့် ထိခိုက်၍ သေဆုံးကြခြင်းဖြစ်သည်ဟု ယူဆကြသည်။ ၎င်းတို့နှစ်ဦး ပျောက်ဆုံးနေသည်မှာ သီတင်းတစ်ပတ်ခန့်ကြာမြင့်နေပြီဖြစ်၍ ၎င်းတို့၏ မိတ်ဆွေများက ဥမင်လိုဏ်အတွင်း လိုက်ရှာကြရာမှ တွေ့ရှိခြင်းဖြစ်သည်။

အလောင်းများကို မြေပြင်ပေါ်သို့ သယ်ထုတ်ရန်အတွက် ရဲတပ်ဖွဲ့ကို အကူအညီတောင်းခံရာ အန္တရာယ်များသည်ဟု အကြောင်းပြ၍ ငြင်းဆိုခဲ့ကြသည်။

၎င်းတို့သည် အလောင်းတစ်လောင်းကို အင်္ဂါနေ့ နံနက်ပိုင်းတွင် သယ်ထုတ်နိုင်ခဲ့ပြီး ဇင်ဘာဘွေနိုင်ငံသားဟု ယူဆရသော အလောင်းတစ်လောင်းမှာ ဥမင်အတွင်း၌ ကျန်ရစ်ခဲ့သည်ဟုဆိုသည်။ **ဘီဘီစီ။**

သတ္တုတွင်း ဥမင်လိုဏ်အတွင်းမှ ရွှေခိုးတူးသူတစ်ဦး၏ အလောင်း မြေပြင်သို့ သယ်ထုတ်နေကြစဉ်။

မလေးရှားနိုင်ငံသို့ သွားရောက်မည့် မြန်မာအလုပ်သမားများအား ဆင်းကတ်များအခမဲ့ထုတ်ပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မလေးရှားနိုင်ငံသို့သွားရောက်မည့် မြန်မာပြည်သူများအတွက်မလေးရှား နိုင်ငံသုံး ဆင်းကတ်များကို လာမည့် မတ် ၁ ရက်မှစတင်ကာ အခမဲ့ပေးအပ် သွားမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီး ဌာနနှင့် မလေးရှားနိုင်ငံရှိ Tone Plus ကုမ္ပဏီတို့၏ ဆင်းကတ်ပေးအပ်ရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားမှ သိရသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှု ဖူလုံရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော ပင်လုံသင်တန်းကျောင်းတွင် ရုံးခန်းဖွင့်လှစ်ကာ မလေးရှားနိုင်ငံသို့ သွားရောက်မည့်မည်သူ့ကိုမဆို အခမဲ့ ဆင်းကတ်ထုတ်ပေးသွားမည်ဟုTone Plus ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Tone Plus ငွေဖြည့်ကတ်ကို တစ်ရက်လျှင် မလေးရှားရင်းဂစ် တစ်ရင်းဂစ်၊ တစ်လ ၃၀ ရင်းဂစ်နှုန်း ဖြင့် ပုံမှန်သုံးစွဲရမည်ဖြစ်ပြီး ငွေဖြည့် ကတ်သုံးစွဲမှုအပေါ် မူတည်၍ အသက် အာမခံကြေး၊ လေယာဉ်လက်မှတ်၊ ဟိုတယ်အခန်းခ Discount များ ပါဝင်မည်ဖြစ်သည်။ မလေးရှားနိုင်ငံ ၏ယခုလက်ရှိခေါ်ဆိုခများထက် ဈေးနှုန်းလျှော့ထားပြီး မည်သည့် ဟန်းဆက်နှင့်မဆို တွဲ၍သုံးစွဲနိုင်သည်ဟု သိရသည်။

"နိုင်ငံခြားရောက်ရင် ကိုယ့်မိသားစု ကိုဆက်သွယ်ဖို့ ဖုန်းကမဖြစ်မနေသုံးစွဲ ရမှာပါ၊ အလုပ်သမားတွေအတွက် အသက်အာမခံတွေ၊ Discount တွေ စတဲ့ ခံစားခွင့်တွေပါဝင်တဲ့အတွက် အကျိုးရှိတဲ့ အစီအစဉ်ဖြစ်မှာပါ"ဟု မြန်မာပြည်ပအလုပ်အကိုင်အေဂျင်စီ အသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းလှိုင်က ပြောကြားသည်။

အဆိုပါ မလေးရှားဆင်းကတ် အခမဲ့ပေးအပ်ရန် နားလည်မှုစာချွန် လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနား ကို ထရိတ်ဒါးဟိုတယ်၌ ယနေ့တွင် ကျင်းပခဲ့ပြီး အလုပ်သမား၊ အလုပ် အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးဝင်းရှိန် တက်ရောက်ခဲ့ကာ မြန်မာပြည်ပအလုပ်အကိုင်အေဂျင်စီ အသင်းချုပ်ဥက္ကဋ္ဌနှင့် Tone Plus ကုမ္ပဏီမှ Executive Chair Man တို့က နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခဲ့ကြသည်။

(တာရာ)

မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီရုံးများဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

နေပြည်တော်၊ ခရိုင်နှင့်မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့် မြေများပါဝင်ခြင်း ရှိ/မရှိကို စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး(ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး) များတွင် ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့်တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	နေပြည်တော်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	နေပြည်တော်မြေစာရင်းရုံး	၀၆၇-၅၅၀၁၈၀
၂	ဒက္ခိဏခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်မြေစာရင်းရုံး	၀၉-၄၂၀၇၂၆၃၂၇
၃	ဥတ္တရခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်မြေစာရင်းရုံး	၀၉-၄၉၃၃၁၇၉၀
၄	ပျဉ်းမနားမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်တီ	မြို့နယ်မြေစာရင်းရုံး	၀၆၇-၂၂၁၁၉
၅	လယ်ဝေးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၆၇-၃၀၃၇၃
၆	ဇမ္ဗူသီရိမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၉-၄၉၁၀၂၆၄၁
၇	ဒက္ခိဏသီရိမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၉-၄၉၁၀၂၆၃၉
၈	တပ်ကုန်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၆၇-၇၀၁၄၈
၉	ဇေယျာသီရိမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၉-၄၉၁၀၂၆၄၂
၁၀	ဥတ္တရသီရိမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၉-၄၉၁၀၂၆၃၉
၁၁	ပုဗ္ဗသီရိမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၉-၄၉၅၈၅၉၆၆

(သတင်းစဉ်)

ဇေယျာသီရိမြို့နယ် ဘုန်းတော်ကြီးကျောင်းများသို့ တယ်လီဖုန်းဆင်းကတ်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးသည် ဇေယျာသီရိမြို့နယ် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးလင်းလင်း အောင်တို့ လိုက်ပါလျက် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၉၄ ကျောင်းသို့ ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းသွားရောက်ပြီး နေပြည်တော် ကောင်စီမှ လှူဒါန်းပေးအပ်သည့် တန်ဖိုးနည်းတယ်လီဖုန်းဆင်းကတ် ၃၆၇ ခုအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ဇေယျာ-ထွေ/အုပ်)

သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဗဟန်းမြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အတွင်းရေးမှူး ဦးရဲစိုးမြင့်တို့က ဖေဖော်ဝါရီ ၁၄ ရက် ညနေက ဗဟန်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနအစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း အရာသန်းခေါင်စာရင်းကောက်ယူရေး သိကောင်းစရာများ ဆွေးနွေးဟော ပြောခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးများ၊ မြို့နယ်သန်းခေါင်စာရင်း အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး သိလို သည့်အချက်အလက်များအား မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သန္တာမေ)

ဘုရင့်နောင်ဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းမြင့်တက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းမြင့်တက်လာပြီး ဆီတင်သွင်းသူများ၊ ဆီလက်ဝယ်ရှိ သူများ အကျိုးအမြတ်များရလာသည် ဟု ဆီဈေးကွက်မှသိရသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်ပ FOB စားအုန်းဆီတစ်တန် ၈၄၀ ဒေါ်လာ၊ ငွေလဲနှုန်း ၉၈၇ ကျပ်ဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်း ဈေး ၁၅၅၄ ကျပ် ရှိပြီး ပြည်တွင်းရောင်း ဈေး တစ်ပိဿာ လက်ကားဈေးနှုန်း ၁၅၅၅ ကျပ်ရှိကြောင်း၊ ပြည်ပနှင့် ပြည်တွင်း ဈေးနှုန်းများနေ့စဉ်မြင့်တက် လာရာ ဖေဖော်ဝါရီ ၁၉ ရက်တွင် FOB တစ်တန် ၈၉၀ ဒေါ်လာ၊ ဆိပ်ကမ်း ရောက်တစ်ပိဿာ ဈေးနှုန်း ၁၆၄၃ ကျပ်နှုန်းဖြစ်လာပြီး ပြည်တွင်းရောင်း ဈေးမှာ တစ်ပိဿာ ၁၆၁၅ ကျပ်ဖြစ် လာကြောင်း သိရသည်။

ယခုရက်ပိုင်း ကုမ္ပဏီများမှရောင်းချ သော စားအုန်းဆီများမှာ ဖေဖော်ဝါရီ လဆန်းပိုင်း ပြည်ပတွင်ဝယ်ယူတင် သွင်းလာသော ဆီများဖြစ်ရာ ယင်း ကာလတွင် FOB တစ်တန်ဈေးနှုန်း ၈၂၅ ဒေါ်လာဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၅၂၅ ကျပ် နှုန်းရှိခဲ့ကြောင်း၊ ယင်းကာလပြည်တွင်း လက်ကားတစ်ပိဿာ ရောင်းဈေးမှာ လည်း ၁၅၂၅ ကျပ်ဝန်းကျင်သာရှိ ကြောင်းသိရသည်။သို့ဖြစ်၍ရာ ပြည်တွင်း သို့ စားအုန်းဆီတင်သွင်းသူများ ဆီ တစ်တန်လျှင် ၆၅ ဒေါ်လာမြင့်တက်ခဲ့ သကဲ့သို့ ပြည်တွင်းရောင်းဈေးမှာလည်း ဖေဖော်ဝါရီလဆန်းဈေးနှုန်းထက် တစ်ပိဿာ ကျပ်တစ်ရာ ခန့်ဈေးမြင့် လာသည်ဟု သိရသည်။

စားအုန်းဆီ ပြည်ပနှင့်ပြည်တွင်း တစ်ပိဿာ ဈေးနှုန်းများ ၂၀၁၄ ခုနှစ် အတွင်းပထမဆုံး ကျပ် ၁၆၀၀ အထက် သို့ ရောက်ရှိသော်လည်း ၂၀၁၃ ဖေဖော်ဝါရီ ၁၉ ရက်တွင် စားအုန်းဆီ လက်ကားရောင်းဈေး တစ်ပိဿာ ၁၄၁၅ ကျပ်၊ ၂၀၁၂ ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျပ် ၁၇၂၀ နှုန်းရှိခဲ့သဖြင့် ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်ဈေးနှုန်း သည် ကာလတူသုံးနှစ်အတွင်း ဈေးနှုန်း အမြင့်ဆုံးမဖြစ်သေးကြောင်း ဆီ ရောင်းသူတစ်ဦးက ဆိုသည်။

ကန်ဆီဈေးနှုန်းတစ်ပိဿာ ကျပ် ၁၀၀ ခန့်ဈေးတက်သော်လည်း ပြည်ပမှ တင်သွင်းလာသော ပုံးဝါဆီပုံးများမှာ ယခင် ၁၀ ပိဿာတစ်ပုံးလျှင် ကျပ် ၁၈၂၅၀ ရှိရာမှ ဖေဖော်ဝါရီ ၁၉ ရက် တွင် ကျပ် ၁၈၅၀၀ နှုန်းသာမြင့်တက် ကြောင်း၊တစ်ပိဿာလျှင် ၂၅ ကျပ်သာ ဈေးမြင့်ကြောင်း၊ ပုံးခွံမှာမူ ယခင် တစ်ပုံးလျှင် ကျပ် ၁၂၀၀ ဈေးရသော် လည်း ယခုအခါ ကျပ် ၁၀၀၀ ဝန်းကျင် သာ ဈေးရကြောင်း ပုံးဆီဝယ်ယူရောင်း ချသူတစ်ဦးက ဆိုသည်။

(မောင်စေအောင်)



တတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး

ဇင်

BIMSTEC ၏ သမိုင်းကြောင်း

ဘင်းမ်စတက် (BIMSTEC) အဖွဲ့၏ မူလအစမှာ ဗန်ကောက်ကြေညာစာတမ်း(၁၉၉၇)အရ ၁၉၉၇ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း လေးနိုင်ငံ၏ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့ရာမှ စတင်ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။ ထိုစဉ်ကအဖွဲ့ဝင်လေးနိုင်ငံ၏ အမည်စာလုံးအစများကိုစုစည်း၍ BIST-EC (Bangladesh, India,Sri Lanka and Thailand Economic Cooperation) ဟုခေါ်ဆိုခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံက လေ့လာသူအနေဖြင့် တက်ရောက်ခဲ့သည်။

၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့်ဝန်ကြီးများအဆင့် အထူးအစည်းအဝေးတွင် မြန်မာနိုင်ငံမှအဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့ပြီးအဖွဲ့အမည်ကိုလည်း BIMST-EC (Bangladesh, India, Myanmar, Sri Lanka and Thailand Economic Cooperation) ဟု ပြောင်းလဲခေါ်ဆိုခဲ့ပါသည်။ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ကျင်းပခဲ့သော ဒုတိယအကြိမ်ဝန်ကြီးအဆင့်အစည်းအဝေးတွင် နီပေါသည် လေ့လာသူအဖြစ်တက်ရောက်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် နီပေါနိုင်ငံနှင့် ဘူတန်နိုင်ငံတို့သည် အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်လာခဲ့သည်။ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် အဖွဲ့ဝင် ခုနစ်နိုင်ငံမှ အဖွဲ့အမည်ကို လက်ရှိခေါ်ဆိုနေသော ဘင်္ဂလားပင်လယ်အော်ဒေသတွင် ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကနဦးအစီအစဉ် (BIMSTEC) ဘင်းမ်စတက်ဟူ၍ ပြောင်းလဲခေါ်ဆိုရန် သဘောတူသတ်မှတ်ခဲ့ကြသည်။

BIMSTEC ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှု

BIMSTEC ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှုမှာ နိုင်ငံအက္ခရာစဉ်အလိုက်ဖြစ်ပြီး ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၂၀၀၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်ထိ မြန်မာနိုင်ငံ၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ သီရိလင်္ကာနိုင်ငံ၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ ထိုင်းနိုင်ငံ၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်ထိ အိန္ဒိယနိုင်ငံ၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ် မတ်လထိ မြန်မာနိုင်ငံ၊ ထို့နောက် နီပေါနိုင်ငံသို့ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်သွားမည် ဖြစ်သည်။

ပုံမှန်ကျင်းပသည့်အစည်းအဝေးများ

ထိပ်သီးအစည်းအဝေးများကို နှစ်နှစ်တစ်ကြိမ် ကျင်းပရန်ဖြစ်သော်လည်း ပထမအကြိမ်ထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ဒုတိယအကြိမ်ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပနိုင်ခဲ့ပြီး တတိယအကြိမ်ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လ ၁ ရက်မှ ၄ ရက်အထိ မြန်မာနိုင်ငံ နေပြည်တော်တွင်ကျင်းပရန် စီစဉ်ထားသည်။ နိုင်ငံခြားရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးဝန်ကြီးများ ဖြင့်ပြုလုပ်သော ဝန်ကြီးများအဆင့် အစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရန်ဖြစ်သည်။ ယခုအချိန်ထိ (၁၃)ကြိမ်ကျင်းပနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်က မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ညွှန်ကြားရေးမှူးချုပ် အဆင့်များမှ ဦးဆောင်ပြုလုပ်သည့် အဆင့်မြင့်အရာရှိများ အစည်းအဝေးကိုမူ တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပခဲ့ပြီး (၁၅)ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်က မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဦးစားပေးကဏ္ဍအလိုက် ဦးဆောင်နိုင်ငံများမှ လက်ခံပြုလုပ်သည့် ကျွမ်းကျင်သူများအဆင့် အစည်းအဝေးကို စတုတ္ထအကြိမ်မြောက်အဖြစ် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၉-၂၀ ရက်တွင် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံအလိုက်သံအမတ်ကြီးများက အလှည့်ကျသဘာပတိပြုလုပ်သည့် လုပ်ငန်းအဖွဲ့အစည်းကိုမူ လစဉ်ကျင်းပပြုလုပ်သွားရန်ဖြစ်သည်။

BIMSTEC ၏ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်များ

ဘင်းမ်စတက်၏ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံကိန်းများမှာ ဘင်းမ်စတက်စီးပွားရေးဖိုရမ်တည်ထောင်ရေး၊ ချည်မျှင်အထည်အလိပ်၊ ဆေးဝါး၊ ကျောက်မျက်ရတနာ၊ သစ်သီးဝလံ၊ ပန်းမန်နှင့် သတင်းဖြန့်ချိရေးနည်းပညာစသည့် ကဏ္ဍ(၅)ရပ်တွင် ကုန်သွယ်မှုမြှင့်တင်ရေး၊ အကောက်ခွန်မဟုတ်သော နည်းဥပဒေလုပ်ထုံးလုပ်နည်း အတားအဆီးများဖယ်ရှားပေးရေး၊ ဈေးကွက်ရရှိရေးနှင့် ကုန်သွယ်မှုသက်သာခွင့်ပေးရေးအတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာလွှဲပြောင်းရေးနှင့် နည်းပညာစွမ်းရည်တည်ဆောက်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းများပိုမိုဖြည့်တင်းပေးရေး၊ သဘာဝဓာတ်ငွေ့၊ နေရောင်ခြည်၊ လေ၊ ရေနှင့်ဒီရေလှိုင်းစွမ်းအားတို့နှင့်ပတ်သက်၍ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ တွေ့ဆုံနှီးနှောပွဲကျင်းပရေး၊ ရေလုပ်ငန်းတွင်ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

BIMSTEC Free Trade Area-FTA ဘင်းမ်စတက် လွတ်လပ်သော ကုန်သွယ်မှုဒေသ

BIMST-EC Free Trade Area ထူထောင်ရန် မူဘောင်သဘောတူညီချက်ကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများက လက်မှတ်ရေးထိုးခဲ့ပါသည်။ BIMST-EC-FTA ထူထောင်ရခြင်း၏ရည်ရွယ်ချက်များမှာ ဘင်းမ်စတက်နိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် ခိုင်မာစေရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုကုန်သွယ်ရေးကိုတိုးတက်ဖြေလျှော့သွားပြီး သိသာပွင့်လင်းလွတ်လပ်သော ရင်းနှီးမြှုပ်နှံမှုစည်းမျဉ်းများဖော်ဆောင်ရန်၊ အဖွဲ့ဝင်နိုင်ငံများအကြားပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍသစ်များနှင့် နည်းလမ်းများရှာဖွေရန်၊ ဒေသတွင်းဖွံ့ဖြိုးဆဲနိုင်ငံများပေါင်းစည်းခြင်းဖြင့် ဖွံ့ဖြိုးမှုကွာဟချက် နည်းပါးစေရန်တို့ဖြစ်သည်။

BIMSTEC FTA အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ဘင်းမ်စတက်လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ၌ကျင်းပခဲ့သော ခတ္တမန္ဒူအစည်းအဝေးတွင် ၂၀၀၆ ခုနှစ် ဇူလိုင်လမှစတင်၍ လုပ်ငန်းများဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများက သဘောတူညီခဲ့ကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအဖြစ်ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ကို သတ်မှတ်ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နီပေါနိုင်ငံ၊ ဘူတန်နိုင်ငံ၊ မြန်မာနိုင်ငံတို့ကိုသတ်မှတ်ထားသည်။ နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသော ကုန်ပစ္စည်းများကို တိတိကျကျရာခိုင်နှုန်းသတ်မှတ်၍ ပထမဦးစားပေးရွေးချယ်ပြီး (Negative List) စာရင်း၌ထည့်သွင်းကာ ကျန်ကုန်ပစ္စည်းများအား လွတ်လပ်စွာရောင်းဝယ်ကြရန်၊ သာမန်ကုန်ပစ္စည်းနည်းလမ်း (Normal Track) ကို ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ကြရန်၊ အခွန်လျှော့ချခြင်းနှင့် အခွန်ဖယ်ရှားခြင်းလမ်းကြောင်းနှစ်ခုပါဝင်ပြီး အခွန်ဖယ်ရှားမည့် ကုန်ပစ္စည်းများအား အခွန်ကင်းလွတ်ပေးရန်နှင့် အခွန်လျှော့ချမည့် ကုန်ပစ္စည်းများအတွက် အခွန် ၅ ရာခိုင်နှုန်း အထိ လျှော့ချပေးရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ သုံးနှစ်အတွင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ငါးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပြီး ကုန်ပစ္စည်းများမှာ 6 Digit Level မှ ကုန်စည်အမျိုးပေါင်း ၇၀ ရာခိုင်နှုန်းခန့်ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် Trade Negotiation Committee (TNC) ၏ပင်ရင်းဒေသစည်းမျဉ်းများဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆွေးနွေးလျက်ရှိပါသည်။ ဘင်းမ်စတက်လွတ်လပ်စွာ ကုန်သွယ်မှုဒေသ ထူထောင်ရေးအတွက် Agreement on Trade in Goods ကိုလည်းကောင်း၊ Rules of Origin, Operational Certification Procedures (OCP) Agreement on Customs Cooperation တို့ကိုလည်းကောင်း၊ (၁၈)ကြိမ်မြောက် TNC အစည်းအဝေးတွင် အပြီးသတ်ဆွေးနွေးခဲ့ပြီးဖြစ်သည်။ (၁၉) ကြိမ်မြောက် TNC အစည်းအဝေးနှင့်အတူ (၁၆) ကြိမ်မြောက် ပင်ရင်းဒေသလုပ်ငန်းအဖွဲ့အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး အကောက်ခွန်လျှော့ချမည့်ရက်များကို ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်း၊ အကောက်ခွန်လျှော့ချမည့် ကုန်စည်စာရင်းမှ ဖယ်ထုတ်စာရင်း ရာခိုင်နှုန်းကို ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်း၊ အကောက်ခွန် လျှော့ချမည့်အုပ်စုအလိုက် ရာခိုင်နှုန်းများကို ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်း၊ ကုန်စည်သဘောတူညီချက် စာချုပ်ကို လက်မှတ်ရေးထိုးအသက်ဝင်မည့်နေ့ရက်နှင့် အကောင်အထည်ဖော်မည့်နေ့ရက်များကို ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်းတို့ကို ဆွေးနွေးခဲ့သည်။ (၂၀)ကြိမ်မြောက် ကုန်သွယ်ရေးညှိနှိုင်းအစည်းအဝေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် စီစဉ်ထားသည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးကဏ္ဍတွင် BIMSTEC ကုန်သွယ်ရေးညှိနှိုင်းကော်မတီကို BIMSTEC လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်လက်အောက်ရှိ ကုန်သွယ်ရေးနှင့် ဆက်စပ်သော သဘောတူညီမှုများကို ညှိနှိုင်းဆောင်ရွက်ရန် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ BIMSTEC လွတ်လပ်သော ကုန်သွယ်ရေးနယ်ပယ်မူဘောင် သဘောတူညီချက်၏ ထင်ရှားသောသွင်ပြင်လက္ခဏာများတွင် ပထမအရေးကြီးဆုံး သွင်ပြင်လက္ခဏာမှာ ကုန်သွယ်ရေးညှိနှိုင်းမှုများသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကိုပေးထားသော ပိုမိုလိုက်လျောညီထွေဖြစ်စေသည့် အခွန်ဖယ်ရှားခြင်းပုံစံဖြင့် ကုန်စည်များကုန်သွယ်မှုအားလုံးကိုစဉ်ဆက်မပြတ် အကျိုးဝင်စေရန်ဖြစ်ပြီး ဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးသည် ဒုတိယဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုက တတိယဖြစ်သည်။

သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံ၊ စီမံခန့်ခွဲမှုတိုးတက်မြန်ဆန်လာစေရေး၊ အချိန်နှင့်စရိတ်လျှော့ချရေး၊ ထောက်ပံ့ပို့ဆောင်ရေးတိုးတက်ရေး၊ ဒေသတွင်းသယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးရေးတို့အတွက် လုပ်ဆောင်နေခြင်း ဖြစ်သည်။ BIMSTEC အဖွဲ့ဝင်နိုင်ငံများ ပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံနှင့် စီမံခန့်ခွဲရေး၊ လေ့လာမှုတိုးတက်ရေး၊ ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကြားဖြတ်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည်။ BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ ရထားလမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဧပြီလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ BIMSTEC စင်တာကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ BIMSTEC ဝက်ဘ်ဆိုက်ကို အာရှဖွံ့ဖြိုးရေးဘဏ်မှ ငွေကြေးနှင့်နည်းပညာ အထောက်အပံ့ပေးလျက်ရှိသည်။ တတိယအကြိမ် ထိပ်သီးဆွေးနွေးပွဲနှင့်ပတ်သက်သည့် လုပ်ငန်းတာဝန်များကို ဖော်ပြပေးနေသော BIMSTEC ဥက္ကဋ္ဌဝက်ဘ်ဆိုက်အပေါ် ပြည်သူတို့၏စိတ်ဝင်စားမှုမှာလည်း မြင့်မားလျက်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

အခွန်ထမ်းသင့်သော ပြည်သူအားလုံး အခွန်ထမ်းဆောင်နိုင်ရေး အခွန်ဆိုင်ရာပညာပေးမှု ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် မေးခွန်း(၁)ခု၊ ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခု၊ ငွေရေးကြေးရေးဆိုင်ရာ မေးခွန်း(၃)ခု၊ ကျန်းမာရေးဆိုင်ရာ မေးခွန်း(၁)ခုတို့ကို မေးမြန်းဖြေကြားခဲ့ကြသည်။

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းသည့်**ယာဉ်မတော်တဆတိုက်မှုများနှင့်ပတ်သက်၍ စနစ်တကျ လေ့လာသုံးသပ်မှု၊ လိုအပ်သည့်နည်းဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်မှု၊ အသက် (၄၀)အောက် ငယ်ရွယ်သူများနှင့် အတွေ့အကြုံနည်းသူများကို ယာဉ်ကြီးမောင်းနှင်ခွင့် လိုင်စင်ထုတ်မပေးရေး ကန့်သတ်မှုရှိ/မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ရည်မှန်းချက်ထားပြီး မြန်မာနိုင်ငံအတွင်း ယာဉ်မတော်တဆထိခိုက်မှုများနှင့် ပတ်သက်၍ စနစ်တကျ စာရင်းဇယားများပြုစုခြင်း၊ လေ့လာဆန်းစစ်ခြင်း၊ သုံးသပ်ခြင်း၊ အခြားသက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး ယာဉ်မတော်တဆဖြစ်ပွားသည့် အငှားယာဉ်ကြီးမောင်းလိုင်စင်ဖြစ်သော“င”ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများကို အသက်အပိုင်းအခြားအလိုက် သုံးသပ်ရာတွင် အသက်(၄၀)နှစ်အောက်မှာ ၄၉ ရာခိုင်နှုန်းကျော်ဖြစ်ပြီး အသက်(၄၀)နှစ်အထက် ၅၀ ရာခိုင်နှုန်းကျော် ဖြစ်ပွားသဖြင့် အသက်(၄၀)နှစ်အထက်တွင် အနည်းငယ်ပို၍ ဖြစ်ပွားကြောင်း သုံးသပ်ရပါကြောင်း၊ ယာဉ်မတော်တဆဖြစ်ရခြင်း အကြောင်းရင်းများကို သုံးသပ်ရာတွင် ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနှင်တတ်သော်လည်း ယာဉ်မောင်းသူစည်းကမ်းပျက်မှုကြောင့် ၉၃ ရာခိုင်နှုန်းကျော်ဖြစ်ပွားကြောင်း တွေ့ရှိရသဖြင့် စည်းကမ်းပျက် ယာဉ်မောင်းများအား ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရန်အတွက် ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲပြဌာန်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် လက်ရှိမော်တော်ယာဉ်“င”လိုင်စင်လျှောက်ထားရာတွင် အသက် (၁၈)နှစ်ပြည့်ပြီးသူကိုသာ ကိုယ်ပိုင်မော်တော်ယာဉ်ငယ် မောင်းလိုင်စင်ဖြစ်သော“ခ”လိုင်စင် (၅)နှစ် သက်တမ်းပြည့်ပြီးသူ သို့မဟုတ် အငှားယာဉ်ငယ်မောင်းလိုင်စင်ဖြစ်သော“ဃ”လိုင်စင် (၂)နှစ် သက်တမ်းပြည့်ပြီးသူ အသက်(၂၃)နှစ် ပြည့်ပြီးသူများကိုသာ ယာဉ်သွားလာမှုဆိုင်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိမှု ရေးဖြေစစ်ဆေးခြင်း၊ လက်တွေ့ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းများ ဖြေဆိုအောင်မြင်မှသာ ထုတ်ပေးလျက်ရှိပါကြောင်း၊ အငှားယာဉ်ကြီးမောင်းလိုင်စင် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများမှာလည်း မိမိတို့နိုင်ငံထက် အသက်အပိုင်းအခြားမှာ အငယ်များသာဖြစ်ပါကြောင်း၊ “င”ယာဉ်မောင်းလိုင်စင်အား အသက်(၄၀)နှစ်ပြည့်ပြီးသူများကိုသာ ထုတ်ပေးမည်ဆိုပါက အသက်(၄၀) နှစ်အောက် လူငယ်များအနေဖြင့် အလုပ်လုပ်ကိုင်ရန်အတွက် အရွယ်ကောင်းဖြစ်သော်လည်း အလုပ်အကိုင်အခွင့်အလမ်းရရှိမှုလျော့သွားနိုင်ခြင်း၊ လိုင်စင်မဲ့ သို့မဟုတ် သတ်မှတ်လိုင်စင်မဟုတ်သော အဆင့်မမီသည့် လိုင်စင်အမျိုးအစားနှင့်သာ မောင်းနှင်နေမှုများဖြစ်နိုင်ပြီး ဥပဒေချိုးဖောက်မှုများ ဖြစ်နိုင်ခြင်းတို့ကြောင့် မောင်းနှင်ခွင့် လိုင်စင်ထုတ်မပေးရေး ကန့်သတ်မှုပြုလုပ်ပေးနိုင်ရန်မှာ အစီအစဉ် မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးချန်မောင်။

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေကိုယ်စား အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်၏ **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေဖြင့် PCO ဖုန်းများမှ လစဉ်ကောက်ခံနေသည့် အခွန်ငွေ ၃၀၀ဝိ/-အားပယ်ဖျက်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက မိုဘိုင်း PCO တယ်လီဖုန်းများ၏ လစဉ်ဝန်ဆောင်ခအဖြစ် ယခင်က ၅၀၀ဝိ/-နှုန်းဖြင့် ကောက်ခံလျက်ရှိခဲ့ရာမှ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစ၍ ၃၀၀ဝိ/-နှုန်းဖြင့် လျှော့ချကောက်ခံခဲ့ပါကြောင်း၊ မိုဘိုင်း PCO တယ်လီဖုန်းများအတွက် ကောက်ခံသည့် ၃၀၀ဝိ/-နှုန်းသည် ဝန်ဆောင်ခအဖြစ် ကောက်ခံခြင်းဖြစ်ပါသဖြင့် လောလောဆယ်တွင် ပယ်ဖျက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **ခေတ်စနစ်နှင့်ညီညွတ်သော အခွန်ဆိုင်ရာဥပဒေများ အမြန်ပြုပြင်ပြဌာန်းပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အခွန်ဥပဒေများအတွက် အသေးစိတ်ဆောင်ရွက်ရန်အချက်များကို သက်ဆိုင်ရာအခွန်ဥပဒေများအလိုက် နည်းဥပဒေ၊ စည်းမျဉ်းနှင့် အမိန့်ကြော်ငြာစာများကို ပြင်ဆင်ရေးဆွဲ၍ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် ထပ်မံပြင်ဆင်ရန်လိုအပ်သည့် အချက်များကို ပြင်ဆင်နိုင်ရန်အတွက် ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ တံဆိပ်ခေါင်းခွန်အက်ဥပဒေနှင့် ရုံးခွန်အက်ဥပဒေများကို ပြင်ဆင်ပြဌာန်းနိုင်ရန် သက်ဆိုင်ရာအခွန်ဥပဒေမူကြမ်းများကို ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုပေးနိုင်ပါရန် တင်ပြထားပြီးဖြစ်ပါကြောင်း၊ အခွန်ထမ်းသင့်သော ပြည်သူအားလုံး အခွန်ထမ်းဆောင်နိုင်ရေးအတွက် ပညာပေးရှင်းလင်းမှုများ ကျယ်ပြန့်စွာ စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အခွန်ဆိုင်ရာပညာပေးမှုများကို နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်ထမ်းပြည်သူများ၏ ထမ်းဆောင်သည့် အခွန်ငွေပမာဏကို ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်တွင် အခွန်အများဆုံး ပေးဆောင်ခဲ့သော ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်းကြီး(၁၀၀) စာရင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၁၂-၂၀၁၃ စည်းကြပ်နှစ်တွင် အခွန်အများဆုံးပေးဆောင်ခဲ့သော အခွန်ထမ်းကြီး(၅၀၀)စာရင်းကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးပေးဆောင်သည့် အခွန်ထမ်းများစာရင်း ဖော်ပြသည့်အချိန်တွင် အခွန်ငွေပမာဏကို ကိန်းဂဏန်းအပိုင်းအခြားဖြင့် ဖော်ပြပေးသွားမှာဖြစ်ပါကြောင်း၊ အခွန်လွတ်ကင်းမှု၊ အခွန်တိမ်းရှောင်မှုများ မရှိစေရန် ရပ်ကွက်အလိုက်၊ လမ်းအလိုက် စီးပွားရေးလုပ်ငန်းများ စာရင်းကို ကောက်ယူပြီး အခွန်ထမ်းမှတ်ပုံတင်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးလျက်ရှိပါကြောင်း၊ အခွန်ပေးဆောင်ထိုက်သော ဝင်ငွေရှိသည့် လုပ်ငန်းရှင်များကို ရှာဖွေဖော်ထုတ်ပြီး လုပ်ငန်းလုပ်ကိုင်ခဲ့သည့် နှစ်များအတွင်း ရရှိခဲ့သော ဝင်ငွေများအပေါ် ပြန်လည်စည်းကြပ်မှုများ ပြုလုပ်သွားမည့်အပြင် တည်ဆဲဥပဒေများနှင့်အညီ ဒဏ်ရိုက်ခြင်းနှင့် လိုအပ်ပါက ရာဇဝတ်ကြောင်းအရပါ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် **“ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခဲ့သည်။

ယင်းပြင်ဆင်သည့်ဥပဒေကြမ်းကို နိုင်ငံတော်၏ အချုပ်အခြာအာဏာခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးသုံးရပ်၏ စီမံဆောင်ရွက်ချက်များသည် ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ဆန့်ကျင်နေလျှင် ဆန္ဒထုတ်ဖော်နေကြမည်ဖြစ်သည့်အတွက် ပဉ္စမမဏ္ဍိုင်ဖြစ်သည့် ပြည်သူလူထုက စောင့်ကြည့်ထိန်းညှိပေးခြင်း၊ တရားဥပဒေစိုးမိုးမှုအားကောင်းခိုင်မာလာသည်နှင့်အမျှ ဆန္ဒထုတ်ဖော်မှုများလည်း လျော့နည်းပပျောက်သွားမည်ကို ရည်ရွယ်၍ ပြည်သူ့လွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက ဤဥပဒေကြမ်းအား တင်ပြလာခြင်းဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ငွေကုန်ကြေးကျခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ထားသည့် လမ်းမကြီးများ ဥပဒေနှင့် ကာကွယ်ရန်လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတွင်ပါသည့် အပိုဒ်၇ (က)တွင် မည်သူမဆို ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ထောင်ဒဏ်(၃)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းထက်မပိုသော ဒဏ်ငွေဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (၁)လမ်းမကြီးများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း (သို့မဟုတ်) ဆောက်လုပ်ခြင်း၊ (၂) လမ်းမကြီးများ၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ (၃)လမ်းမကြီးနယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း၊ မြေတူးဖော်ခြင်း၊ ပုဒ်မခွဲ(ခ)တွင် ထပ်မံကျူးလွန်လျှင် (၃)နှစ်ထက် မပိုသော ထောင်ဒဏ်နှင့် တစ်သိန်းမှ ဆယ်သိန်းထက်မပိုသော ဒဏ်ငွေ ချမှတ်လိုက်သည်ဟု ပါရှိပါကြောင်း။

ငွေကုန်ကြေးကျခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ထားသည့် လမ်းမကြီးများကို ဥပဒေနှင့် ကာကွယ်ရန် လိုအပ်ပါကြောင်း၊ သို့သော် ကြံခင်းမြို့နယ်အတွင်း ဖြတ်သန်းသွားသော ပုသိမ်-မုံရွာ လမ်းမကြီးသည် ကျေးရွာအုပ်စုများကို ဖြတ်သန်းဖောက်လုပ်ခဲ့ပါကြောင်း၊ လယ်မြေ၊ ကိုင်းမြေများပေါ်တွင် ဖောက်လုပ်ခဲ့ပြီး နယ်နိမိတ်သတ်မှတ်ချက်အား မဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဖြတ်သန်းသွားသည့် ကျေးရွာအုပ်စု (၁၀)အုပ်စုရှိပါကြောင်း၊ ကျေးရွာအုပ်စုများသည် ယခင်ကတည်းက ရှိခဲ့ခြင်းဖြစ်သည့်အတွက် လူနေအိမ်ခြေများကိုရှောင်၍ လယ်ကွင်းနှင့် ယာများကို ဖြတ်ဖောက်သွားခြင်းဖြစ်သောကြောင့် မည်သူ့ကိုမျှ ဖယ်ခိုင်းခဲ့ခြင်း မရှိပါကြောင်း၊ နှစ်ပေါင်း (၅၀)၊ (၆၀)ခန့်ရှိသည့် ရွာကြီးများဖြစ်သည့်အတွက် ရွာမြေထဲတွင် သာသနိကအဆောက်အအုံများ၊ ဘုရားကျောင်းကန်များ၊ စာသင်ကျောင်းများ၊ ကျန်းမာရေး အဆောက်အအုံများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၊ ကျွန်းစိုက်ခင်းများ၊ ဌာနဆိုင်ရာရုံးများ၊ သီးနှံစိုက်ခင်းများ ရှိပါကြောင်း၊ ယခုအခါ လမ်းမကြီးနှင့်မလွတ်သည့် ကျေးရွာအုပ်စု(၁၀)အုပ်စုသည် ဖယ်ရှားခံနေရပါကြောင်း၊ ယခုဥပဒေအရ အရေးယူမည်ဆိုပါက အမိမဲ့သည့် ပြည်သူများကို အရေးယူရမည့်အခြေအနေဖြစ်နေပါကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာ၍ ပြန်လည်စဉ်းစားဆောင်ရွက်စေလိုပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်က တွန်းဇံမြို့တွင်းလမ်းသည် အလွန်သေးငယ်ပြီး ကျဉ်းမြောင်းပါသဖြင့် မော်တော်ဆိုင်ကယ်နှင့် ကုန်ကားကြီးများ သွားလာရာတွင် ရှောင်ကွင်းစရာမရှိပါ၍ ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိပါကြောင်း၊ အချို့လူနေအိမ်များနှင့် ရုံးအဆောက်အအုံများလည်း မြို့တွင်းလမ်းမကြီး နယ်နိမိတ်ကို ချိုးဖောက်ကာ မြို့အင်္ဂါရပ်နှင့်ညီညွတ်မှုကင်းမဲ့စွာ ဆောက်လုပ်ထားပါကြောင်း၊ ယခင်ပါတီကောင်စီခေတ်တွင် လမ်းမကြီးနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရဘဲ အာဏာပိုင်အစိုးရကို အားကိုး၍ နည်းအမျိုးမျိုးဖြင့် မျက်ကွယ်ပြု ဆောက်လုပ်ထားပါကြောင်း။

ယခုအခါ တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ ဒီမိုကရေစီကျင့်စဉ်အတိုင်း ပြည်သူလူထုကလည်း တွေးခေါ်မြော်မြင်မှုရင့်သန်ရန်

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✽

● ကျောဖုံးမှ

ရှင်းလင်းပြောကြားခဲ့ပြီးနောက် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Indonesian Aerospace PT Dirgantara သို့ရောက်ရှိပြီး ရှင်းလင်းဆောင်ခန်းမ၌ လေယာဉ်နှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြ၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Indonesian Aerospace PT Dirgantara မှထုတ်လုပ်သော CN 235-220 လေယာဉ်နှင့် NC 212i လေယာဉ်များအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်တပ်မတော်ကြည်းတပ်ဦးစီးချုပ်အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ဖေဖော်ဝါရီ ၁၈ ရက် ည ၇ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဘင်္ဂလားဒေ့ရှ်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Iqbal Karim Bhuiyan, psc နှင့်ဇနီးတို့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်စစ်သံမှူးနှင့် ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ အရာရှိကြီးများနှင့် ဇနီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီး ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ်ဦးစီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့များက နှစ်နိုင်ငံတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ **(အပေါ်ပုံ)**

ညစာသုံးဆောင်အပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် ဘင်္ဂလားဒေ့ရှ်တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့သည် အမှတ်တရလက်ဆောင်များအပြန်အလှန်ပေးအပ်ကြပြီး သီဆိုကပြဖျော်ဖြေခဲ့ကြသည့် မြဝတီတေးဂီတအဖွဲ့အား ဂုဏ်ပြုပန်းခြင်းများပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❐ ပဲခူး-စစ်တောင်းမှ

ပဲခူး-စစ်တောင်းတူးမြောင်း၏ လက်ရှိအနေအထား

ပဲခူး-စစ်တောင်းတူးမြောင်းကို သနပ်ပင်မြို့နယ် တာဝကျေးရွာအနီးရှိ ပဲခူးမြစ်မှ ဝေါမြို့နယ် မြစ်ကျိုးကျေးရွာအနီးရှိ စစ်တောင်းမြစ်သို့ ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ပြီး အရှည်အားဖြင့် ၃၇ မိုင် ၇ ဖာလုံ၊ ပျမ်းမျှ အကျယ်ပေ ၁၅၀ နှင့် ရေအနက် ၁၀ ပေရှိပါသည်။ လွန်ခဲ့သော ၁၈၇၃ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ရာ ငါးနှစ်အကြာ ၁၈၇၈ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ ကာလအားဖြင့် နှစ်ပေါင်း ၁၃၆ နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ လက်ရှိအနေအထားမှာ အောက်ခြေကြမ်းပြင်ကို တိုင်းတာကြည့်ရာ အလယ်အူကြောင်း ရေလမ်းကြောင်း တစ်လျှောက်မှာ ပေ ၂၀ ခန့်သာ အနေအထားပုံမှန်ရှိပြီး ဘေးနှစ်ဖက်တွင် နုန်းထိုင်များပြီး ကောနေပါသည်။ သို့ဖြစ်ရာ ရေသိုလှောင်ထိန်းသိမ်းနိုင်စွမ်း လျော့နည်းပြီး မိုးရာသီတွင် ရေပြည့်ရေလျှံမှု ကြုံတွေ့နေရပြီဖြစ်ပါသည်။ မြောင်းပေါင်များသည်လည်း နိမ့်ကျယိုယွင်းမှုများကြောင့် တူးမြောင်းရေကျော်၍ မိုးစပါးစိုက်ဧကများ နစ်မြုပ်မှု ကြုံတွေ့နေရပါသည်။ သို့ဖြစ်ရာ ပဲခူး-စစ်တောင်းတူးမြောင်းကို အကြီးစားပြင်ဆင်ရတော့မည်ဖြစ်ပါသည်။ တူးမြောင်းတစ်လျှောက်ရှိ ရေလွှဲပေါက်၊ ရေထိန်းတံခါးများကို အဆင့်မြှင့်ပြုပြင်ရန် လိုအပ်သကဲ့သို့ သဲနုန်းများတူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးတာကို ထိပ်ဝအကျယ် ၂၄ ပေရှိသော ဆက်သွယ်ရေးလမ်းဖြစ်တာဖြစ်ပြုပြင်တည်ဆောက်ခြင်းနှင့် ရေတံခါးများနှင့် ဆက်စပ်အဆောက်အအုံများ အဆင့်မြှင့်ပြုပြင်ခြင်းတို့ကို နိုင်ငံတော်က ဆောင်ရွက်ပေးတော့မည်ဖြစ်ကြောင်း သတင်းကောင်းကို သိရှိခဲ့ရပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်

အဓိကလုပ်ငန်းကဏ္ဍများအဖြစ် ကြိုတင်ပြင်ဆင်ခြင်း၊ တူးမြောင်းတူးဖော်ခြင်းနှင့် တာပေါင်လမ်းပြုလုပ်ခြင်း၊ ဆက်စပ်ရေနုတ်မြောင်းများတူးဖော်ခြင်း၊ လက်ရှိရေထိန်းအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်းနှင့် လိုအပ်သောနေရာများတွင် အတွင်းဘက်နံရံကာကွယ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန် အသင့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။ ယန္တရားများလည်း အင်အားဖြည့်တင်ရန် အသင့်အနေအထားရှိပါသည်။ ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလမှ မေလအတွင်း လေးလဖြင့် ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ကြားသိခဲ့ရပါသည်။

ပြည်သူများ ရရှိခံစားရမည့် အကျိုးရလဒ်များ

ပဲခူး-စစ်တောင်းတူးမြောင်းကို လွန်ခဲ့သော ၁၃၆ နှစ်က ကျွန်းသစ်ဖောင်များအလေအလွင့်မရှိစေရန် ကုန်ကျစရိတ်နှင့် အချိန်သက်သာစေရန်ရည်ရွယ်ပြီး သယ်ယူပို့ဆောင်မည့်လမ်းကြောင်းအဖြစ် သူ့ကျွန်ဘဝက ဖောက်လုပ်ခဲ့ပြီး ဖြစ်ပါသည်။ ယခင်အစဉ်အဆက် အစိုးရအဖွဲ့ အသီးသီးလက်ထက်တွင် အထိုက်အလျောက် ထိန်းသိမ်းနိုင်ခဲ့သည်မှအပ အကြီးစားမပြင်ဆင်နိုင်ခဲ့ပါ။ လက်ရှိအစိုးရလက်ထက်တွင် အဆင့်မြှင့်ပြုပြင်ဆောင်ရွက်ပြီးပါက ရေကြီးကွင်း၊ ရေနက်ကွင်းများသည် ရေတော်မိုးတော်ကွင်းများဖြစ်လာပါတော့မည်။ နွေစပါး၊ မိုးစပါးနှင့် သီးနှံမျိုးစုံ ပိုမိုစိုက်ပျိုးနိုင်ပါတော့မည်။ နွေရာသီတွင် စိုက်ပျိုးမြေအတွင်းသို့ ရေငန်နှင့် ဆားငန်နုန်းများ မဝင်ရောက်ရန်ကာကွယ်နိုင်ပါတော့မည်။ လှေသမ္ဗန်နှင့်စက်တပ်ရေယာဉ်ကြီးငယ်များ ကူးသန်းသွားလာရာတွင် လွယ်ကူလျင်မြန်ပါတော့မည်။ ကုန်စည်စီးဆင်းမှု လျင်မြန်စေခြင်း၊ သားငါးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်စေပြီး တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်လာပါတော့မည်။

တူးမြောင်းနှင့်ဆက်စပ်နေသော ဒေသခံပြည်သူများနှင့် တောင်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ သားငါးကဏ္ဍနှင့်မွေးမြူရေးကဏ္ဍတို့ဖွံ့ဖြိုးတိုးတက်လာပြီး တောင်သူများ၏ဝင်ငွေသည် နှစ်ဆတိုးတက်လာမည်မှာ ဧကန်အမှန်ဖြစ်ပါသည်။ တူးမြောင်းတာပေါင်တိုးချဲ့ဖောက်လုပ်နိုင်ခြင်းအားဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း(Eco-Tourism)များ တွင်ကျယ်လာမည်ဖြစ်ပါသည်။ ခေတ်မီစိုက်ပျိုးရေးအထူးဇုန်ကြီးများ၊ ခေတ်မီစက်မှုအထူးဇုန်ကြီးများလည်းပေါ်ထွန်းလာမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ စိမ်းလန်းစိုပြည်ရေး မြောင်းမကြီးသို့ ရေချိုဖြည့်တင်းပေးနိုင်မည်ဖြစ်ပါသောကြောင့် စီးပွားရေးမြို့တော် ရန်ကုန်မြို့၏အရှေ့ခြမ်း မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးစီမံဆောင်ရွက်မှုကိုလည်း အထောက်အကူပြုနိုင်တော့မည်ဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နိုင်ငံတော်၏ ရည်မှန်းချက်ကိုလည်း ကြီးစွာသောအထောက်အကူပြုမည့် ပဲခူး-စစ်တောင်းတူးမြောင်းအဆင့်မြှင့်ပြုပြင်ခြင်းကို ကြိုဆိုထောက်ခံတင်ပြလိုက်ရပါသည်။ ။

❍ ငါးတန်မွေးမြူမှုမှ

ထိုသို့စီစဉ်ခြင်းမှာ အဆိုပါကုမ္ပဏီသည် ရုရှားဈေးကွက်သို့ တင်ပို့ရန် အခြေအနေကောင်း ရရှိထားခြင်းကြောင့် မြန်မာနိုင်ငံတွင် လာရောက်မွေးမြူလုပ်ဆောင်ရန် စီစဉ်ထားခြင်းဖြစ်သည်ဟု သိရသည်။ ယခင်က တရုတ်၊ ဗီယက်နမ်ဈေးကွက်တို့မှ ဝယ်ယူလျက်ရှိသော်လည်း ယခုနောက်ပိုင်းတွင် ဓာတ်ကြွင်း စိတ်ချရမှုရှိစေရန် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များ ကောင်းမွန်နေသေးသည့် မြန်မာနိုင်ငံမှဝယ်ယူရန် အစီအစဉ်ရှိခြင်းကြောင့်လည်းဖြစ်သည်ဟု ၎င်းက ရှင်းပြသည်။

ထိုသို့စမ်းသပ်မွေးမြူလုပ်ကိုင်မှုကို မန္တလေးတိုင်းဒေသကြီး တောင်ပြုန်းဒေသတွင်လည်း လုပ်ဆောင်ရန် စီစဉ်ထားခြင်းဖြစ်သည်ဟု ဆက်လက်သိရသည်။

ထက်ခိုင်(စမ်းချောင်း)

❁ စာမျက်နှာ ၇ မှ

လိုအပ်သကဲ့သို့ သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ထုံးလုပ်နည်းများအရ အမိန့်ကြော်ငြာစာများကိုလည်း ပြည်သူလူထုထံသို့ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ရှင်းလင်းနားလည်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် တရားမမှု၊ ပြစ်မှုများ၏ ပြစ်မှုပြစ်ဒဏ်အတိမ်အနက်ကိုနားလည်၍ ငွေဒဏ်ပေးဆောင်ရန်သတ်မှတ်ပါကလည်း အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်တိုးမြှင့်နိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များဖြင့် ပြန်လည်ပြင်ဆင်ထားသည်ကိုလည်း တွေ့ရှိရပါကြောင်း။

နိုင်ငံတော်မှ အဆင့်မြင့်လမ်းတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးပါက လမ်းဘေးလူနေအိမ် ပြည်သူလူထုအချို့၊ အစိုးရအဆောက်အအုံအချို့၊ ဈေးဆိုင်အချို့နှင့် အိမ်မြေနေရာများရွှေ့ပေးရမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာမှ ကြိုတင်အသိပေးနှိုးဆော်အကြောင်းကြား၍ မလိုက်နာဘဲပျက်ကွက်ပါက ဥပဒေအရ အရေးယူပြီး ရှင်းလင်းဖယ်ရှားသင့်ပါကြောင်း၊ ဒေသခံပြည်သူများ လိုက်နာနိုင်သော ဥပဒေများအား တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တိတိကျကျလိုက်နာနိုင်မှုများရှိလာအောင် ထည့်သွင်းပြဋ္ဌာန်းပေးခြင်း၊ ပြည်သူများ၏အခွင့်အရေးများကို မနစ်နာ မဆုံးရှုံးရအောင် အပြန်အလှန် ထိန်းကျောင်းတည့်မတ်ပေးခြင်း၊ လိုက်လျောညီထွေဖြစ်ရန်နှင့် ပြဿနာများဖြစ်ပါက နည်းနိုင်သမျှနည်းအောင် အပြုသဘောဆောင်သောနည်းကို ဖန်တီးပေးရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ဥပဒေတစ်ခုပြဋ္ဌာန်းရာတွင် တိကျရန်၊ ခိုင်မာရန်၊ သင့်တင့်မျှတရန်၊ အဓိပ္ပာယ်နှစ်ခွမထွက်ရန်တို့ကိုအခြေခံ၍ ယင်းဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်၊ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်တို့အပေါ် အကြံပြုဆွေးနွေးခဲ့သည်။

ဒေါ်ခင်ဝိုင်းကြည်၏ ဆွေးနွေးချက်အပါအဝင် ဥပဒေကြမ်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ပြန်လည်ညှိနှိုင်းရန်ရှိက ညှိနှိုင်းပြင်ဆင်ထားရန်နှင့် ယင်းဥပဒေကြမ်းဆုံးဖြတ်မည့်နေ့ရက်ကို ကြေညာမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၁၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၈) ကော်လံ (၃)စာပိုဒ် (၁) စာကြောင်းရေ (၈)ပါ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှု (အစား) ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဟု ပြင်ဆင်ဖတ်ရှုပါရန်။

(ကြေးမုံ)

မော်တော်ယာဉ် ၁၈၀၁၁ စီး သွင်းကုန်ပါမစ်ထုတ်ပေးပြီး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီးရုံး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးဌာနစိတ်က လူတစ်ဦးချင်းအလိုက် မော်တော်ယာဉ်သွင်းကုန်ပါမစ်များထုတ်ပေးလျက်ရှိရာ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်အထိ 1350 CC အောက်ယာဉ်များအပါအဝင် Saloon,Pick Up, Van, Wagon, Light Truck, Box Truck, Extra CAB/ Space CAB နှင့် Truck တို့အပါအဝင် စုစုပေါင်းမော်တော်ယာဉ် ၁၈၀၁၁ စီးကို သွင်းကုန်ပါမစ်ထုတ်ပေးပြီးဖြစ်ကြောင်းနှင့်အမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၇၅၉ သန်းခန့်တန်ဖိုးရှိကြောင်း ယင်းဌာနမှ ထုတ်ပြန်သောစာရင်းအရ သိရသည်။

(အေးကို-သတင်းစဉ်)

အရှိန်မထိန်းနိုင်တဲ့ အငှားယာဉ် ကိုယ်ပိုင်ယာဉ်ကို ဝင်တိုက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်၌ အငှားယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ အမျိုးသားတစ်ဦးနှင့် ရပ်တန့်ထားသည့် ကိုယ်ပိုင်ယာဉ်တစ်စီးအား ဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က ရန်ကုန်-အင်းစိန်လမ်းအတိုင်း(တောင်မှမြောက်ဘက်သို့) ယာဉ်မောင်း အောင်တေဇကျော်(၃၄)နှစ် ၂(က)ရပ်ကွက် မင်္ဂလာဒုံမြို့နယ်နေသူ မောင်းနှင်လာသည့် ၆ယ/--- မာစတာ (အဖြူရောင်) အငှားယာဉ်သည် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် (ကုလားကျောင်းမှတ်တိုင်အနီး) တစ်ကောင်ဘွားလမ်းထိပ်အရောက်၌ လမ်းဖြတ်ကူးသူများအား ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက် ပလက်ဖောင်းဘေးတွင် ရပ်နေသည့် အသက်(၅၀)ခန့်ရှိ အမျိုးသားတစ်ဦးအား ဝင်ရောက်တိုက်မိပြီးနောက် လမ်းဘေး၌ ရပ်တန့်ထားသည့် ကိုယ်ပိုင်ယာဉ်(လိုက်ထရပ်)အား ဝင်ရောက်တိုက်မိခဲ့သည်။

ထိုယာဉ်မတော်တဆမှုကြောင့် အငှားယာဉ်ဦးခေါင်းပိုင်းပျက်စီးခဲ့ပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သဖြင့် အငှားယာဉ်မောင်းအား သက်ဆိုင်ရာ တာဝန်ရှိသူတို့က အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

> ### ဘင်္ဂလားပင်လယ်အော် အခြေအနေ
>
> နေပြည်တော် ဖေဖော်ဝါရီ ၁၉
>
> ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား

မြန်မာနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ ဌာနေကိုယ်စားလှယ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား မြန်မာနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ဌာနေကိုယ်စားလှယ် Mr.Jurg Montani ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ကော်မတီဆောင် အမှတ် (၁) ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေမှုများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဥပဒေရေးရာကိစ္စရပ်များနှင့် နိုင်ငံသားများ၏ ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှုကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား မြန်မာနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ဌာနေကိုယ်စားလှယ် Mr.Jurg Montani ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော်ရေးရာဆောင်၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** လွှတ်တော်ရေးရာကိစ္စရပ်များ၊ ဥပဒေရေးရာကိစ္စရပ်များနှင့် နိုင်ငံသားများ၏ ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှုကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

နွားနို့၊ လက်ဖက်ရည်နှင့်ရေသာ သောက်သုံးအသက်ရှင်နေရသည့် မိန်းကလေး

အိန္ဒိယနိုင်ငံမှ အသက်(၂၅)နှစ်အရွယ် မန်ဂျူဒါရာ အမည်ရှိ မိန်းကလေးသည် မွေးကတည်းက သွားဖြင့်ကိုက်၍ စားသုံးရသော အဖတ်အခဲ အစားအစာများကို လုံးဝမစားသုံးဖူးပေ။ လွန်ခဲ့သည့် ၂၅ နှစ်လုံးလုံး နွားနို့၊ လက်ဖက်ရည်၊ နို့ကြက်တက်ရည်နှင့် ရေတို့သာ သောက်သုံးအသက်ရှင် နေထိုင်ခဲ့ရသူဖြစ်သည်။

မန်ဂျူဒါရာသည် နယူးဒေလီမြို့တော်အနီး ဆိုနီပတ်မြို့ငယ်လေးတွင်နေထိုင်သူဖြစ်ပြီး ရှားရှားပါးပါး Achalasia ခေါ် အမျှင်ဓာတ်ခြေဖျက်သည့်ကြွက်သားများ ဆုတ်ယုတ်အားနည်းသည့် ရောဂါဝေဒနာ ခံစားနေရသူဖြစ်သည်။ လည်မျိုအတွင်းရှိဒွါရပေါက်ကို ချုံ့ပိတ်နိုင်သောကြွက်သားစုက အစာအိမ်အတွင်းသို့ အစားအစာများဝင်ရောက်မှုကို တားဆီးပိတ်ဆို့ထားသည့်အခြေအနေကြောင့်မန်ဂျူဒါရာသည် အဖတ်အခဲအစားအစာများကို စားသုံးရန် ကြိုးစားတိုင်း ပြင်းပြင်းထန်ထန် အော့အန်သည့်ဝေဒနာကို ခံစားခဲ့ရသည်။

"ကျွန်မ တစ်ခုခုစားမိရင် ပြန်အန်ထွက်လာပြီး ဆိုးဆိုးရွားရွားကို ခံစားရပါတယ်။ အခုဆို ကျွန်မအဲဒီလို အဖတ်အခဲအစားအစာတွေကိုမြင်တာနဲ့ကိုလန့်နေပြီ" ဟု မန်ဂျူဒါရာက ပြောကြားသည်။

"သူက အရည် အစားအစာတွေဖြစ်တဲ့ နွားနို့၊ လက်ဖက်ရည်၊ ရေနဲ့

တစ်ခါတစ်ရံ ဖျော်ရည်တွေပဲ သောက်သုံးရပါတယ်။ သူအများဆုံးစားတာကတော့ နွားနို့၊ လက်ဖက်ရည်၊ နို့ကြက်တက်ရည်နဲ့ ရေပါပဲ။ သူအဖတ်အခဲ အစားအစာတစ်ခုခု စားမိရင် သူ့မျက်နှာ မအီမသာဖြစ်လာပြီး ချက်ချင်းအန်တော့တာပဲ" ဟု မန်ဂျူရာ၏ မိခင် ဘာဂါဝတီဒါရာက ပြောကြားသည်။

အံ့သြစရာကောင်းသည်မှာ မန်ဂျူဒါရာသည် အိန္ဒိယအမျိုးသမီး တစ်ဦးတွင်ရှိရမည့် ပျမ်းမျှအရပ်ထက် ပိုမိုမြင့်မားနေပြီး ခန္ဓာကိုယ် သေးသေးသွယ်သွယ်လေးဖြင့် အားနည်းသည့်ပုံစံ မပေါက်ဘဲ အိမ်မှုကိစ္စများကို နိုင်နင်းစွာ လုပ်ဆောင်နိုင်သည်။

"သူ နှစ်နှစ်သမီးအရွယ်ထိ ဘာရောဂါဖြစ်နေမှန်းကို ကျွန်မတို့ မသိဘူး။ ကျွန်မက ထမင်း ဒါမှမဟုတ် ပေါင်မုန့်ကျွေးတဲ့အခါ ဖျားပြီး အရမ်းငိုတော့တာပဲ။ ကျွန်မကတော့ အစတုန်းက အစားအစာနဲ့ ပတ်သက်ပြီး အတော်ဇီဇာကြောင်တဲ့ကလေးပဲလို့ထင်ခဲ့တာ၊ နောက်မှ ရောဂါရှိနေမှန်းသိတာ" ဟု ဘာဂါဝတီဒါရာက ပြောကြားသည်။

မန်ဂျူဒါရာ၏ ရောဂါကို ဆရာဝန်များစွာနှင့် ဆွေးနွေးကုသခဲ့သည့်တိုင်အောင် ပျောက်ကင်းခြင်းမရှိသေးပေ။ မိသားစု ဆရာဝန်တစ်ဦးက ခွဲစိတ်ကုသမှုခံယူခြင်းသာ အကောင်းဆုံးဖြစ်သည်ဟု အကြံပြုသော်လည်း ကျွန်တော်တို့ စီးပွားရေးအခြေအနေက ခွဲစိတ်ကုသနိုင်ခြင်း မရှိသေးကြောင်း မန်ဂျူဒါရာ၏ ဖခင် ပန်းရန်အလုပ်သမား ရမ်ကန်ဝါဒါရာကပြောကြားသည်။

မန်ဂျူဒါရာသည် မိဘနှစ်ပါး၊ အစ်ကိုနှစ်ယောက်၊ ညီအစ်မငါးယောက်တို့နှင့်အတူ နေထိုင်လျက်ရှိသည်။ မန်ဂျူဒါရာ၏ မိဘများက သူ၏ရောဂါကို ပျောက်ကင်းအောင်ကုသနိုင်ခြင်းမရှိသေးသော်လည်း သူ့အတွက်နေ့စဉ် လိုအပ်သည့် နွားနို့ငါးလီတာခန့် ရရှိရေးအတွက် နွားမတစ်ကောင် ဝယ်မွေးထားသည်။

[အေးဝမ်းစိုး]

ပြည်မြို့တွင် သန်းခေါင်စာရင်းကောက်ယူရေး ပိုစတာဆိုင်းဘုတ်စိုက်ထူ

ပြည် ဖေဖော်ဝါရီ ၁၉။ ။ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ်ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ပြည်သူများ ပိုမိုသိရှိစိတ်ဝင်စားလာစေရန် ရည်ရွယ်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၉ ရက်တွင် အများပြည်သူ မြင်သာသည့် ပြည်မြို့ အောင်ဆန်း ပြည်သာယာ-အလကကျောင်းရှေ့ရှိ ဘုရင့်နောင်လမ်းမကြီးနှင့် ပြည်-အောင်လံလမ်းဆုံ၌ အလျား ၄၅ပေ၊ အနံ ၁၅ ပေရှိ သန်းခေါင်စာရင်းကောက်ယူရေးလှုံ့ဆော်မှု ဗီနိုင်းပိုစတာဆိုင်းဘုတ်စိုက်ထူခဲ့ကြောင်း သိရသည်။

(အလင်းရောင်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာကင်တားနား ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူမစ္စတာကင်တားနားနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံသည်။

ထို့အတူ မစ္စတာကင်တားနားနှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် သွားရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

အလားတူ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်လည်း တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဘက်စုံဥပဒေရေးရာ ဖွံ့ဖြိုးတိုးတက်မှုများ၊ အသိပညာပေးမှုများ၊ ပြည်တွင်းပြည်ပဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရသင့်ရထိုက်သည့် အဖွဲ့အစည်းများကို စနစ်တကျရွေးချယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မိမိတို့ ဝန်ကြီးဌာနအပါအဝင် အခြားဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နိုင်ငံ့စွမ်းဆောင်ရည်ဆု ရသင့်ရထိုက်သည့် အဖွဲ့အစည်းများကို စနစ်တကျရွေးချယ်နိုင်ရေးအတွက် စည်းမျဉ်းနှင့် ကိုက်ညီသည့်အဖွဲ့အစည်းများကို အကောင်းဆုံးအသင်းအဖွဲ့အဖြစ် ရွေးချယ်ပေးကြရမည်ဖြစ်သည့်အတွက် အဖွဲ့ဝင်များအနေဖြင့် ဖြည့်စွက်ပြင်ဆင်လိုသည်များနှင့် ကွင်းဆင်းဆောင်ရွက်မည့်ကိစ္စများအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်းဖြင့် ဒုတိယဝန်ကြီးဒေါ်စုစုလှိုင်က ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသော လူမှုရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့နောက် လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က ဆုရွေးချယ်ချီးမြှင့်ရေးနှင့်ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်း၊ သတ်မှတ်ချက်နှင့် ရွေးချယ်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြပြီး လူမှုရေးဆိုင်ရာဆုဖြစ်သည့် အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆု (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) ရွေးချယ်ချီးမြှင့်ရေးနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်နှင့် ရွေးချယ်ဆောင်ရွက်မည့်အစီအစဉ်များအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ စည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၏ (၃/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် အတိုးနှုန်းချေးငွေ အရွယ်အစားပမာဏ၊ မြို့ပြနှင့် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းသောနေရာများတွင်သာ ဆောင်ရွက်ခြင်းဟူ၍ စိန်ခေါ်မှု အခက်အခဲသုံးမျိုးတွေ့နေရကြောင်း။

လုပ်ငန်းလိုင်စင်ခွင့်ပြုရာတွင်လည်း လျှောက်ထားသော အဖွဲ့အစည်း၏ နောက်ခံဘဏ္ဍာရေး အခြေအနေ ခိုင်မာမှု၊ BOD အဖွဲ့၏ အရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံ၊ နယ်မြေအခြေအနေနှင့် ဘာသာရပ်ဆိုင်ရာ နှံ့စပ်ကျွမ်းကျင်မှုအပေါ် မူတည်၍ လိုင်စင်ကို အမှတ်ပေးစနစ်ဖြင့် ခွင့်ပြုပေးသင့်၊ မပေးသင့် စဉ်းစားသင့်ပါကြောင်း၊ အသင်းသားများ၏စုငွေကို ပမာဏများစွာလက်ခံခြင်းမပြုစေဘဲ ချေးငွေ၏ ၁ ရာခိုင်နှုန်း သို့မဟုတ် ၂ ရာခိုင်နှုန်းကိုသာ စုငွေအဖြစ် လက်ခံသင့်၊ မသင့် စဉ်းစားသင့်ပါကြောင်း၊ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ ငွေချေးခွင့်ပြုရန်လိုအပ်လာပြီဖြစ်၍ ကြီးကြပ်မှုကော်မတီတွင် တင်ပြသွားရန်လိုကြောင်း။

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ထိန်းသိမ်းရမည့် စာရင်းပုံစံများကို မှတ်တမ်းနှင့် စာရင်းခွဲခြား၍ စာရင်းပုံစံခြောက်မျိုးထက်မပိုစေရေး စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေအပေါ် အတိုးနှုန်းကို စီးပွားရေးဗဟိုချက်မှ အကွာအဝေးပေါ်မူတည်၍ အတိုးပမာဏများ ဆောင်ရွက်နိုင်ရန် စဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုမှုကို သက်ဆိုင်ရာအဖွဲ့အစည်း၏ အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှုကို စိစစ်ပြီးမှသာ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်း အထွေထွေမန်နေဂျာ ဦးဝင်းအောင်က လိုင်စင်ရပြီးသား အဖွဲ့အစည်းများ၏ ရုံးခွဲဖွင့်လှစ်ခြင်းနှင့် မတည်ရင်းနှီးငွေဆိုင်ရာကိစ္စရပ်များ၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းလိုင်စင် လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါအခမ်းအနားသို့ အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီအဖွဲ့ဝင်များနှင့် မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်းမှ တာဝန်ခံအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ (၉)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက် ထန်းပင်ကုန်းလမ်းမကြီး အမှတ်(၆)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**သည် ယင်းပါတီ၏ တံဆိပ်ကိုဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီတံဆိပ်ကို ကန့်ကွက်လိုကယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၀-၂-၂၀၁၄ (ကြာသပတေးနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀	“ဗုဒ္ဓအလိုကျဘဝနေနည်း” တရားတော် (ဆရာတော် ဒေါက်တာအရှင်ပါရမီ)
၆း၄၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “အချစ်ရူး”(အပိုင်း-၅)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၁း၅၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ကျွန်တော်ရဲ့ဗီးနပ်စ်” (အပိုင်း-၂)
၆း၁၅	“အချစ်ရူး” (အပိုင်း-၆)
၇း၁၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ “ထာဝရမန္တလေး” (အပိုင်း-၉)
၉း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ကျွန်တော်ရဲ့ဗီးနပ်စ်” (အပိုင်း-၃)

ဒလ-တွံတေး၊ လှိုင်သာယာ-တွံတေး ဟိုင်းလပ်ယာဉ်များ ဆက်လက်ပြေးဆွဲခွင့်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဟိုင်းလပ်ယာဉ်ဖြင့် အသုံးပြုနေသည့် ခရီးသည်တင်ယာဉ်များကို ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း မဝင်ရောက်ရန် မတ်လ ၁ ရက်မှစတင် ကန့်သတ်ရာတွင် ဒလ-တွံတေး လမ်းကြောင်း၊ လှိုင်သာယာ-တွံတေးလမ်းကြောင်းများတွင်ပြေးဆွဲနေသည့် ဟိုင်းလပ်ခရီးသည်တင်ယာဉ်များကို ခွင့်ပြုထားရှိပေးသွားဦးမည်ဖြစ်ကြောင်း ယနေ့တွင် ကျင်းပသော မထသ(ဗဟို)၏ မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါဟိုင်းလပ်ယာဉ်များနှင့်ပတ်သက်၍ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ဝင်ရောက်ပြေးဆွဲမှုကို ကန့်သတ်ရန် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလလယ်က ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး ယာဉ်ပိုင်ရှင်များအနေဖြင့် လိုအပ်ချက်များ ပြင်ဆင်လုပ်ဆောင်နိုင်ဖို့အချိန်ရရှိစေရန်အတွက် တားမြစ်သတ်မှတ်မည့်ရက်ကာလကို နောက်ဆုတ်သတ်မှတ်ရင်းမှ နောက်ဆုံး ဖေဖော်ဝါရီ ၂၈ ရက်အထိသာ ဝင်ရောက်ပြေးဆွဲခွင့်ရရှိမည်ဟုသိရသည်။

“ဖေဖော်ဝါရီ ၂၈ ရက်အထိပဲ နောက်ဆုံးခွင့်ပြုမယ်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က တရားဝင်ပြောကြားထားပြီးဖြစ်ပါတယ်”ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့် ဟိုင်းလပ်ယာဉ်လိုင်းပေါင်း ၄၆ လိုင်းရှိပြီး ယင်းအနက်မှ လိုင်းပေါင်း ၃၅ လိုင်းတွင် လမ်းကြောင်းတူယာဉ်လိုင်းများ စီစဉ်ထားသော်လည်း ကျန် ၁၁ လိုင်းလမ်းကြောင်းနေရာတို့တွင် စီစဉ်ထားရာမှ ခရီးသည်များအတွက် အခက်အခဲတစ်စုံတစ်ရာကြုံလာပါက အခြားသောယာဉ်လိုင်းများမှ ယာဉ်များ ထုတ်နုတ်စီစဉ်ပြေးဆွဲပေးရန်လည်း အရန်သင့်လျာထားလျက်ရှိသည်။

သို့ရာတွင် ဒလ-တွံတေးလမ်းကြောင်း၊ လှိုင်သာယာ-တွံတေး လမ်းကြောင်းများတွင် ပြေးဆွဲနေသည့်ဟိုင်းလပ်လိုင်းများမှာ သတ်မှတ်ထားသည့်ယာဉ်ရပ်နားကွင်းနေရာမှ စနစ်တကျဖြင့် ပြေးဆွဲခွင့်ရမည်ဖြစ်ပြီး အများပြည်သူအတွက် ခြွင်းချက်အနေဖြင့် ယင်းကဲ့သို့လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

“လှိုင်သာယာလမ်းကြောင်းမှာက ပြည်သူလူထုဟာ အဲဒီဟိုင်းလပ်ယာဉ်တွေကိုပဲ အခြေပြုစီးနင်းနေရတာများလို့ လောလောဆယ်ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်”ဟု ဦးလှအောင်က ဆက်လက်ပြောကြားသည်။

မတ် ၁ ရက်မှစတင်၍ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ပြေးဆွဲခွင့်ကန့်သတ်လိုက်သော ဟိုင်းလပ်လိုင်းများတွင် ပဲခူးဘက်မှလာသော ယာဉ်များသည် ထောက်ကြန့် မြို့ရှောင်လမ်းရှိ ၅၁ ယာဉ်ကြီးဂိတ်အနီးတွင်လည်းကောင်း၊ တိုက်ကြီး၊ မှော်ဘီဘက်မှလာသော ခရီးသည်တင် ဟိုင်းလပ်ယာဉ်များသည် လှော်ကားလမ်းခွဲ (အမှတ်-၉ ကားဂိတ်)တွင်လည်းကောင်း၊ သန်လျင်-တာမွေပြေးဆွဲသော ဟိုင်းလပ်များမှာ သန်လျင်ဘက်မှသာကေတဘက်ခြမ်းသို့ ဝင်ရောက်ခွင့်ရမည်မဟုတ်ဘဲ သတ်မှတ်နေရာတွင်သာ ရပ်တန့်ရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ဂက်စ်ဖြည့်ခြင်းကိစ္စကို ဆောင်ရွက်ရန် ဝင်ရောက်ခွင့်ပေးမည်ဖြစ်သော်လည်း ဂက်စ်ဖြည့်ရန် ဝင်ရောက်လာသည့်အခါ ခရီးသည် တင်ဆောင်ခွင့်ရရှိမည်မဟုတ်ကြောင်း သိရသည်။

ထိုသို့စီစဉ်ခြင်းကြောင့် ခရီးသည်များအတွက် တတ်နိုင်သမျှအခက်အခဲမဖြစ်ပေါ်စေရန် လမ်းကြောင်းတူသည့် စီးတီးဘတ်စ်ယာဉ်များဖြင့်စီစဉ်ခြင်း၊ မီနီဘတ်စ်များဖြင့် ဖြည့်စွက်ပြေးဆွဲခြင်းတို့ဖြင့် အစီအစဉ်များရေးဆွဲထားပြီးဖြစ်သည်ဟု သိရသည်။ ယခုကဲ့သို့ စီစဉ်ခြင်းဖြင့် ရန်ကုန်မြို့၏သွားလာမှုမြင့်မားတိုးတက်စေရန်လည်း ရည်ရွယ်ထားခြင်းဖြစ်သည်။ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ဆောင်ပြေးဆွဲခြင်းတားမြစ်လိုက်သော ဟိုင်းလပ်ယာဉ်များသည် စည်ပင်သာယာနယ်နိမိတ်တွင် ခရီးသည်တင်ယာဉ်အဖြစ် ပြေးဆွဲခွင့်ရှိခြင်း၊ လုပ်ငန်းလိုင်စင်ပြောင်းလဲ၍ ကုန်တင်ယာဉ်အဖြစ်လုပ်ဆောင်နိုင်ခြင်းစသည့် အခွင့်အရေးများလည်းရှိသည်။

ဒလ-တွံတေးလမ်းကြောင်း၊ လှိုင်သာယာ-တွံတေးလမ်းကြောင်းများတွင် ပြေးဆွဲနေသည့် ဟိုင်းလပ်လိုင်းများမှာ တောင်ပိုင်းခရိုင်(မထသ)အောက်တွင်ရှိသော တွံတေး-ဒလလိုင်း၊ တွံတေး-လှိုင်သာယာလိုင်း၊ မလက်တို-လှိုင်သာယာလိုင်း၊ ဘုရားကြီး-ဒလလိုင်း၊ ကွမ်းခြံကုန်း-ဒလလိုင်း၊ လက်ခုပ်ကုန်း-ဒလလိုင်း၊ ဝါးဘလောက်သောက်-ဒလလိုင်း၊ ဒလ-ခနော်လိုင်း၊ တွံတေး-လှိုင်သာယာ (မီးခွက်စျေး)လိုင်းစသည်ဖြင့်ရှိကြောင်း မထသ(ဗဟို)ရှိစာရင်းများအရ သိရသည်။

(၆၈၀)

(၁၂)ကြိမ်မြောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ကြီးမှူးကျင်းပသည့် 12th International Conference on Computer Application (ICCA 2014) ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီ တွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် ယမန်နေ့ အချိန်ကာလတွင် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုများ၌ သဘာဝအရင်းအမြစ်များကို အခြေခံရာမှ လူသားအရင်းအမြစ်ကို အခြေခံသောစီးပွားရေး အဖြစ် ကမ္ဘာ့နိုင်ငံများက ပြုပြင်ပြောင်းလဲဆောင်ရွက်လာကြကြောင်း၊ ယခုဆွေးနွေးပွဲမှ သုတေသနလုပ်ငန်းများ၊ အသိဉာဏ်အတွေ့အကြုံများဖလှယ်မှုများ၊ ပညာရပ်ဆိုင်ရာသတင်းအချက်အလက်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါကြောင်းနှင့် သတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးမှုများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ဆွေးနွေးပွဲကျင်းပမှုအခြေအနေများကို ရှင်းလင်းတင်ပြကာ ဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

12th International Conference on Computer Application (ICCA 2014)ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီ ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဆပ်ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများလိုက်ပါလာပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အစိုးရအဖွဲ့ရုံးခန်းမ၌ သက်ဆိုင်ရာ အစိုးရအဖွဲ့၊ ပြည်နယ်ဆပ်ကော်မတီဝင်များ၊ မြို့မိမြို့ဖအထောက်အကူပြုကော်မတီများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီးမြို့နယ်/ရပ်ကွက်/ကျေးရွာ အထောက်အကူပြုကော်မတီများမှတင်ပြလာသော လျှပ်စစ်မီးရရှိရေးဆိုင်ရာကိစ္စရပ်များ၊စက်သုံးဆီရောင်းချရေးဆိုင်ရာကိစ္စရပ်များ၊ သတ္တုတူးဖော်ရေးဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။**(အပေါ်ပုံ)**

အလားတူ စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ဇွဲကပင်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့ဝင်များ၊ မြို့နယ်/ ရပ်ကွက်/ကျေးရွာအထောက်အကူပြုကော်မတီဝင်များနှင့်တွေ့ဆုံပြီး ဒေသခံပြည်သူများမှ တင်ပြလာသော ကရင်ပြည်နယ်၏ ပေါကြွယ်ဝသော မြစ်ချောင်းများမှ အသေးစားရေအားလျှပ်စစ်ထုတ်ယူပြီး အနီးရှိ မြို့နယ်၊ ကျေးရွာများသို့ လျှပ်စစ်မီးရရှိရေးအတွက် စူးစမ်းလေ့လာရေးဆိုင်ရာကိစ္စရပ်များ၊ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းရေးဆိုင်ရာကိစ္စရပ်များ၊ သတ္တုတူးဖော်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးဖြေရှင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်

လားရှိုး ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ၂၀၁၄ ခုနှစ်အတွက် (၇)ချက် စီမံချက်အသိပေးခြင်းနှင့် မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို လားရှိုးမြို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအကြောင်း သိကောင်းစရာများကို အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်မူမူဆွေကရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမေစိုးဦးက ၂၀၁၄ ခုနှစ်အတွက်(၇)ချက်စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလီက မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီးနောက် လားရှိုးခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊စာစောင်များနှင့်လားရှိုးမြို့နယ် အသင်းပိုင်မူလတန်းကြိုကျောင်း ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဝတ်စုံနှင့် အလှူငွေများကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားဆောင်၌ ကိုယ်ဝန်ဆောင် မိခင် ၁၀ ဦးတို့အား အာဟာရပစ္စည်းများ ပေးအပ်ခဲ့ပြီး မူလတန်းကြိုကလေးငယ်များအတွက် အာဟာရအစားအစာများကို ကျွေးမွေးခဲ့သည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းတွင် လားရှိုးမြို့ ဆင်းရွှေလီ ဘိုးဘွားဗိမာန်သို့ သွားရောက်ပြီး အဘိုးလေးဦး၊ အဘွား ၁၉ ဦးတို့အား အဝတ်အထည်များ၊ အစားအစာများ၊ ဆေးဝါးများ၊ အလှူငွေများကို ထောက်ပံ့ခဲ့ပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသည့် ကိုယ်ကာယအလှသင်တန်းဖွင့်လှစ်ထားရှိမှုအခြေအနေများနှင့် တိုင်းရင်းဆေးဖြင့် ဆေးကုသသည့် လူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

အဝမလွန်နေထိုင်ခြင်းဆိုင်ရာ ကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ခန္ဓာကိုယ်အချိုးအစားကျ၍ အဝမလွန်နေထိုင်ခြင်းဆိုင်ရာ ကျန်းမာရေးပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၃ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ကျင်းပမည်ဖြစ်သည်။

Your Slimming Guide မှကြီးမှူးပြီး G Trim(The Natural Fat Burner) ၏ပံ့ပိုးကူညီမှုဖြင့် အာဟာရပညာရှင် ဒေါက်တာဦးလှကြည် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)အာဟာရ ကျန်းမာရေးဦးစီးဌာနက ကိုယ်အလေးချိန်လျှော့ချခြင်းနှင့်ပတ်သက်၍ စားသောက်နေထိုင်နည်းများနှင့် နေ့စဉ်စားသုံးနေသည့် အစားအစာများ၏ ကယ်လိုရီပမာဏတို့ကို ရှင်းလင်းဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

ချင်းအမျိုးသားနေ့ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပမည်

မင်းတပ် ဖေဖော်ဝါရီ ၁၉

ချင်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ချင်းပြည်နယ် (တောင်ပိုင်း)မင်းတပ်မြို့ မြို့မအားကစားကွင်း၌ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သည့် (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့် ချင်းအမျိုးသားနေ့တွင် ရှေးအစဉ်အဆက်နေထိုင်လာခဲ့ကြသော ချင်းတိုင်းရင်းသားတို့၏ ရိုးရာအစဉ်အလာမပျက် အဆင့်ဆင့်ပြောင်းလဲလာခဲ့သော လူနေမှုဘဝ ဝတ်စားဆင်ယင်မှုများအကြောင်းကို ပြည်နယ်ဝန်ကြီးဌာန အသီးသီးက ပြခန်းများပြုလုပ်၍ ပြသရန် စီစဉ်ထားကြောင်း၊ ထို့ပြင် ချင်းရိုးရာယဉ်ကျေးမှုအကပဒေသာနှင့် လူငယ်မောင်မယ်များ၏ ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲအပါအဝင် ရိုးရာနပန်းပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ မြားပစ်ပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများပြုလုပ်ရန်စီစဉ်ထားကြောင်း ချင်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းမှ သိရသည်။

၂၀၁၃ ခုနှစ်မှ စတင်ကာ ချင်းပြည်နယ် မြို့တော်ဟားခါး၌ (၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ပထမအကြိမ်အဖြစ် တရားဝင် ပြန်လည်သတ်မှတ်၍ ကျင်းပပေးခဲ့ပြီး ယခု (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဇိုဟေဆာ(ချင်းတောင်ခြေ)



သည်းထိတ်ရင်ဖိုဇာတ်ကားတွင် မြင်တွေ့ရဦးမည့် ဂျက်စီကာအယ်လ်ဘာ



ဟောလိဝုဒ်ငွေကြယ်ပွင့်တစ်ဦးဖြစ်သည့် အမေရိကန်မင်းသမီးချော ဂျက်စီကာအယ်လ်ဘာကို The Veil အမည်ရှိ သည်းထိတ်ရင်ဖိုဇာတ်ကားသစ်တွင် ထပ်မံမြင်တွေ့ရဦးမည်ဖြစ်ကြောင်း ဟောလိဝုဒ်ရီပိုတာသတင်းဌာနက သတင်းဖော်ပြထားသည်။

ဒါရိုက်တာ Phil Joanou ၏ အဆိုပါ The Veil ဇာတ်ကားသစ်တွင် မင်းသား သောမတ်စ်ဂျိန်းနှင့်အတူ မင်းသမီး ဂျက်စီကာတို့ ပါဝင်သရုပ်ဆောင်ရန် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်လျက်ရှိသော်လည်း မင်းသားသောမတ်စ်မှာမူ သရုပ်ဆောင်ရန် သေချာမှုမရှိသေးကြောင်း သိရသည်။ မင်းသမီး ဂျက်စီကာသည် ယခုဇာတ်ကားမတိုင်မီကလည်း The Eye အမည်ရှိ သည်းထိတ်ရင်ဖိုဇာတ်ကားတွင် ပြောင်မြောက်စွာပါဝင်သရုပ်ဆောင်ထားနိုင်ခဲ့သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

အယ်လ်ဘမ်သစ်ထွက်ရှိရက် နောက်ကျမည့် 2NE1

တောင်ကိုရီးယားဂီတအဖွဲ့ 2NE1 က မကြာမီထွက်ရှိလာမည့် CRUSH အယ်လ်ဘမ်သစ်ကို ရည်ရွယ်ထားသည့်ရက်ထက် အနည်းငယ်နောက်ကျပြီး ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ CRUSH အယ်လ်ဘမ်ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖြန့်ချိရန် စီစဉ်ထားသော်လည်း ယခုအခါ အဖွဲ့ဝင် CL ၏ မွေးနေ့အပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖြန့်ချိရန်စီစဉ်ထားကြောင်းနှင့် ယင်းသို့စီစဉ်ရခြင်းမှာ ယခုထွက်ရှိမည့် အယ်လ်ဘမ်၏ သီချင်းအတော်များများကို အဖွဲ့ဝင် CL က အများဆုံးရေးစပ်သီဆိုထားခြင်းကြောင့်ဖြစ်ကြောင်း ဝိုင်ဂျီအင်န်တာတိန်းမန့်မှ သတင်းထုတ်ပြန်ထားသည်။

CRUSH အယ်လ်ဘမ်သစ်မှ Come Back Home တေးသီချင်းဗီဒီယိုကိုလည်း ယင်းနေ့တွင် တစ်ပါတည်း ဖြန့်ချိနိုင်ရန်လည်းစီစဉ်ထားကြောင်း သိရသည်။

One Direction အား ဂျက်စတင်ဘီဘာလို အမှားမျိုးမဖြစ်စေလို

ယနေ့ ကမ္ဘာ့ဂီတလောကတွင် နာမည်ကြီး ရေပန်းစားလျက်ရှိသည့် One Direction လူငယ်တေးဂီတအဖွဲ့အား နာမည်ကြီးပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာကဲ့သို့သော အမှားမျိုးမှားမည်ကို စိုးရိမ်မိပါကြောင်း ဝါရင့်ဟာသသရုပ်ဆောင် ဂျိမ်းစ်ကော်ဒမ်က ပြောကြားခဲ့သည်။

One Direction အဖွဲ့သည် ၂၀၁၀ ခုနှစ်တွင် The X Factor သီချင်းဆိုပြိုင်ပွဲမှ ကမ္ဘာ့ဂီတလောကသို့ အစပြုဝင်ရောက်ခဲ့ပြီး အောင်မြင်နေသည့် ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ကာ ဗြိတိန်တေးဂီတဆုကိုလည်း လေးနှစ်ဆက်တိုက် ရရှိခဲ့ကြသူများဖြစ်ကြောင်း၊ ယင်းအတွက် ဂုဏ်ယူမိပါကြောင်း၊ လူငယ်များဖြစ်ကြသည့်အတွက် ဂီတလုပ်ဖော်ကိုင်ဖက် ဂျက်စတင်ဘီဘာ၏ ဖြစ်ရပ်များကို သင်ခန်းစာယူစေချင်ပါကြောင်း သရုပ်ဆောင်ဂျိမ်းစ်က ထုတ်ဖော်ပြောကြားခဲ့သည်။

One Direction အဖွဲ့သည် ၂၀၁၄ ခုနှစ်အတွက် ၎င်းတို့၏ ဂီတဖျော်ဖြေပွဲအစီအစဉ်သစ်ကို လာမည့် ဧပြီလမှ အောက်တိုဘာ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယင်းခရီးစဉ်တွင် ဖျော်ဖြေပွဲပေါင်း ၆၅ ပွဲအထိ ကျင်းပသွားမည်ဖြစ်ကာ အဆိုပါခရီးစဉ်သည် ၎င်းတို့၏ ဂီတသက်တမ်းတစ်လျှောက် ဝင်ငွေအများဆုံးဖျော်ဖြေပွဲ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်ပေါ့ပ်ကြယ်ပွင့် ကေတီပယ်ရီအား Elle မဂ္ဂဇင်းမှ ဂုဏ်ပြု

ပြင်သစ်နိုင်ငံထုတ် ကမ္ဘာကျော် ဖက်ရှင်မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Elle မဂ္ဂဇင်းမှ ကြီးမှူးကျင်းပသည့် Elle Style Award ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်းက ကျင်းပခဲ့ရာ အမေရိကန်ပေါ့ပ်ကြယ်ပွင့် ကေတီပယ်ရီအား ၂၀၁၄ ခုနှစ်၏ Woman Of The Year အဖြစ် ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အသက်(၂၉)နှစ်အရွယ် တေးသံရှင် ကေတီပယ်ရီသည် ၎င်း၏ ပရဟိတလုပ်ငန်းများအတွက် ယခုကဲ့သို့ဂုဏ်ပြု ချီးမြှင့်ခံခဲ့ရခြင်းဖြစ်ပြီးယင်းဆုပေးပွဲအခမ်းအနားတွင် ဟယ်ရီပေါ်တာဇာတ်ကားမှ မင်းသမီး အမ်မာဝပ်ဆန်းက Actress of the Year ဆုကို လည်းကောင်း၊ တေးသံရှင် Pharrell Williams က International Recording Artist ဆုကိုလည်းကောင်း၊ ဖက်ရှင်ဓာတ်ပုံဆရာနှင့် ရုပ်ရှင်ဒါရိုက်တာ တွမ်ဖို့ဒ်က Man of the Year ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။ တေးသံရှင် ကေတီပယ်ရီသည် ယခုလအစောပိုင်းက Top Global Recording Artist of 2013 အဖြစ် ဂုဏ်ပြုပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်ပြီး ၎င်း၏အနုပညာ လှုပ်ရှားမှုအနေဖြင့် တတိယမြောက်ဂီတဖျော်ဖြေပွဲခရီးစဉ်ကို ယခုနှစ် မေ ၇ ရက်တွင် စတင်မည်ဖြစ်ပြီး ပထမအကျော့တွင် စကော့တလန်နှင့် အင်္ဂလန်နိုင်ငံများတွင်လည်းကောင်း၊ ဒုတိယအကျော့တွင် အမေရိကန်၊ ကနေဒါတို့ရှိမြို့ကြီးများတွင် လည်းကောင်း သွားရောက်ဖျော်ဖြေမည်ဖြစ်ကာ သမားရိုးကျမဟုတ်သည့် ဂီတဈေးကွက်သစ်များလည်း ဖန်တီးသွားဖွယ်ရှိကြောင်း သိရသည်။

အမည်ပြောင်း

အမက(၁၇)မြောက်/ဒဂုံ၊ စတုတ္ထတန်း(က)မှ အဖ ဦးအောင်မင်းဦး[၁၂/ဗဟန(နိုင်)၀၁၆၀၄၆]၏ သမီး မမျိုးဝေအား မမြတ်ဟေမာန်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မမြတ်ဟေမာန်ဦး

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်လင်းထွန်း၏ နိုင်ငံကူးလက်မှတ်-M-873851 သည် ခရီးသွား ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

မောင်ကျော်လင်းထွန်း
ဖုန်း-၀၉-၄၃၀၃၅၆၂၇

သွေးသည်အသက်



ဘာစီလိုနာနှင့်ပီအက်စ်ဂျီ အဝေးကွင်းတွင် ဂိုးပြတ်နိုင်ပွဲများ ရရှိ

ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပွဲစဉ်များအနက် အစောဆုံးပွဲစဉ်နှစ်ပွဲဖြစ်သည့် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းနှင့် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်း၊ ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းနှင့် ပြင်သစ်ပထမတန်း ကလပ်ပီအက်စ်ဂျီအသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားခဲ့ရာ အဝေးကွင်းသို့ လာရောက်ကစားရသော ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့သည် ပြိုင်ဘက်အသင်းအသီးသီးကို ဂိုးပြတ်အနိုင်ရရှိခဲ့ကြသည်။

မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်းတို့ အီတီဟက်ဒ်၌ ယှဉ်ပြိုင်ကစားခဲ့သော ချန်ပီယံလိဂ်(၁၆) သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင် မန်စီးတီးအသင်းသည် နီဂရီဒို၊ ဆေးလ်ဗား၊ ကိုလာရော့ဗ်၊ ဖာနန်ဒင်ဟို၊ ဂျီးဆက်နားဗက်၊ ကလစ်ချီ၊ ဒီမီချီလစ်၊ ကွန်ပနီ၊ ဇာဘလက်တာစသည့် ကစားသမားများကို ပွဲထုတ်ခဲ့ပြီး ဘာစီလိုနာအသင်းသည် အင်နီယေစတာ၊ မက်ဆီ၊ ဖာဘရီဂတ်စ်၊ ဘတ်စကွက်၊ ဇာဗီ၊ ဂျော်ဒီအယ်လ်ဘာ၊ မာရှေရာနို၊ ပီကေး၊ ဒန်နီအဲဗက်စသည့် ကစားသမားများအား ပွဲထွက်ကစားသမားများအဖြစ် အသုံးပြုပွဲထွက်လာခဲ့သည်။

ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် တစ်သင်းနှင့် တစ်သင်း အကြိတ်အနယ်ကစားကာ ပထမပိုင်းပွဲကစားချိန် ပြီးဆုံးသည်အထိ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သော်လည်း ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်တွင် ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီနှင့် မန်စီးတီးနောက်တန်းကစားသမား ဒီမီချီလစ်တို့ ဘောလုံးယှဉ်လုရာတွင် ဒီမီချီလစ်၏ ကြမ်းတမ်းစွာ ကစားခဲ့ခြင်းကြောင့် ကွင်းလယ်ဒိုင်အဲရစ်ဆင်အနေဖြင့် ဧည့်သည်ဘာစီလိုနာအသင်းအား ပင်နယ်တီကန်ခွင့်ပေးခဲ့သည့်အပြင် ကြမ်းတမ်းစွာ ကစားခဲ့သော မန်စီးတီးနောက်တန်းကစားသမား ဒီမီချီလစ်ကိုပင် အနီကတ်ပြ ထုတ်ပယ်ခဲ့သည်။ ထို့ကြောင့် ရရှိလာသည့်ပင်နယ်တီပြစ်ဒဏ်ဘောကို တိုက်စစ်မှူးမက်ဆီက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့ခြင်းကြောင့် အဝေးကွင်းတွင် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီကမူ နောက်ခံလူ ဒီမီချီလစ်အား အနီကတ်ပြကာ ထုတ်ပယ်ခဲ့ခြင်းနှင့် ဘာစီလိုနာအသင်းအား ပင်နယ်တီကန်ခွင့်ပေးခဲ့ခြင်းတို့ကြောင့် ကွင်းလယ်ဒိုင်ဖြစ်သူ အဲရစ်ဆင်သည် ဘာစီလိုနာအသင်းဘက်ကို ဘက်လိုက်သည့် ကွင်းလယ်ဒိုင်ဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့သည်။ ထို့ပြင် ၂၀၁၂ ခုနှစ်က ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကစားခဲ့သော ဘာစီလိုနာအသင်းနှင့် အေစီမီလန်အသင်းတို့ ပွဲစဉ်တွင်လည်း ယခုကဲ့သို့သော အပြုအမူမျိုးကို အဲရစ်ဆင်လုပ်ဆောင်ခဲ့ဖူးကြောင်း မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက ပြောကြားခဲ့သည်။

မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ပွဲစဉ်တွင် ပွဲကစားချိန် ၅၃ မိနစ်မှစတင်ကာ တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသော မန်စီးတီးအသင်းသည် ဘာစီလိုနာအသင်း၏ ဦးဆောင်ဂိုးကို မချေပနိုင်ခဲ့ဘဲ ပွဲကစားချိန် မိနစ် ၉၀ တွင် ဘာစီလိုနာကစားသမား ဒန်နီအဲဗက်၏ သွင်းဂိုးကို ထပ်မံခွင့်ပြုပေးလိုက်ရခြင်းကြောင့် သာမန်ပွဲကစားချိန်ပြည့်ကာ အဝေးကွင်းသို့ လာရောက်ကစားခဲ့ရသော ဘာစီလိုနာအသင်းက မန်စီးတီးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်နှင့် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့၏ ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် အီဘရာဟီမိုဗစ်ချ်၊ လာဗက်ဇီ၊ ကာဘာရီ၊ မက်တူဒီ၊ မော့တာ၊ ဗာရက်တီ၊ သီယာဂိုဆေးလ်ဗား၊ မက်ဝဲလ်စသည့် ကစားသမားများကို ပွဲထွက်ကစားစေခဲ့ပြီး ပွဲစပြီး သုံးမိနစ်မှာပင် ရရှိခဲ့သည့် မက်တူဒီ၏ သွင်းဂိုးဖြင့် ပီအက်စ်ဂျီအသင်း အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ ထို့ကြောင့် အိမ်ရှင်လေဗာကူဆင်အသင်းသည် ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း ပွဲကစားချိန် ၃၉ မိနစ်တွင် ပင်နယ်တီဂိုးနှင့် ၄၂ မိနစ်တွင် တစ်ဂိုးထပ်မံပေးလိုက်ရသည်။ အဆိုပါ နှစ်ဂိုးစလုံးကို ပီအက်စ်ဂျီအသင်း၏ အားထားရသော ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ပီအက်စ်ဂျီအသင်းသည် ပထမပိုင်းမှာပင် သုံးဂိုးပြတ်ဖြင့် လေဗာကူဆင်အသင်းကို ဦးဆောင်နိုင်ခဲ့သည်။

လေဗာကူဆင်အသင်းသည် ပီအက်စ်ဂျီအသင်း၏ သွင်းဂိုးများကို ပြန်လည်ချေပနိုင်ရေးအတွက် ဒုတိယပိုင်းပွဲစချိန်တွင် ရေနာ့နှင့်ဘရန့်တို့ကို တစ်ချိန်တည်းလူစားလဲမှုပြုလုပ်ကာ ခြေကုန်ထုတ်ကစားခဲ့သော်လည်း ပွဲကစားချိန် ၅၉ မိနစ်တွင် လေဗာကူဆင်နောက်ခံလူ စပါဟစ်အနီကတ်ပြသခြင်းခံခဲ့ရပြီး ပွဲကစားချိန် ၈၈ မိနစ်တွင် ကာဘာရီ၏ သွင်းဂိုးကို ထပ်မံခွင့်ပြုပေးလိုက်ရကာ ပီအက်စ်ဂျီအသင်းက အဝေးကွင်းတွင် လေးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

မန်ယူအသင်းထိပ်ဆုံးလေးသင်းစာရင်းဝင်နိုင်သေးကြောင်း မာတာဖွင့်ဟ

မန်ယူအသင်းသည် လက်ရှိတွင် အဆင့်(၇)တွင် ရမှတ် ၄၂ မှတ်ဖြင့် ပရီမီယာလိဂ် အမှတ်ပေးဇယား ရပ်တည်လျက်ရှိသော်လည်း ရာသီကုန်တွင် အမှတ်ပေးဇယား၏ ထိပ်ဆုံးအသင်းလေးသင်းစာရင်းဝင်နိုင်သေးကြောင်း ကွင်းလယ်ကစားသမား မာတာက ဖွင့်ဟပြောကြားခဲ့သည်။

ဒေးဗစ်မိုယက်၏ မန်ယူအသင်းသည် အမှတ်ပေးဇယား၏ အဆင့်(၄)နေရာရှိ လီဗာပူးအသင်းနှင့် ရမှတ် ၁၁ မှတ် ကွာဟလျက်ရှိပြီး ရာသီကုန်တွင် ထိပ်ဆုံးလေးသင်းစာရင်းဝင်ရန်နှင့် လာမည့်ရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း မာတာက ဆိုသည်။

နိုင်လင်းကြည်

ဘောလုံးလောကသတင်းတိုများ

- အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးဘာလော့တယ်လီ၏ အေးဂျင့်ဖြစ်သူနှင့်ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် အဆိုပါ အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီအား နွေရာသီအပြောင်းအရွှေ့တွင် ခေါ်ယူမည်ဖြစ်ကြောင်းသိရသည်။
- မန်ယူအသင်းသည် ပေါ်တိုအသင်းမှ အသက်(၂၃)နှစ်အရွယ်ရှိ ပြင်သစ်နောက်တန်းကစားသမား မန်ဂါလာအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး ၎င်းအားခေါ်ယူရန် ချယ်လ်ဆီးအသင်းနှင့် အပြိုင်ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း သိရသည်။
- ဂျာမန်ဘွန်ဒက်လီဂါကလပ် ဝုလ်စ်ဘတ်အသင်းမှ တိုက်စစ်မှူး အိုလစ်သည် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒဖြစ်ပေါ်လျက်ရှိပြီး စတုတ်စီးတီးအသင်းကလည်း နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်စီစဉ်ထားကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး မာရီယိုမန်ဇူကစ်အား နွေရာသီအပြောင်းအရွှေ့တွင် ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန်စီစဉ်ထားကြောင်း သိရသည်။
- အီတလီစီးရီးအေပြိုင်ဘက်အသင်းများဖြစ်သည့် ဂျူဗင်တပ်အသင်းနှင့် အေစီမီလန်အသင်းတို့သည် မန်ယူအသင်းမှ အသက်(၂၇)နှစ်အရွယ်ရှိ ပေါ်တူဂီကွင်းလယ်ကစားသမား နာနီအား လာမည့်ရာသီတွင် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။
- အက်သလက်တီကိုမက်ဒရစ်ကွင်းလယ်ကစားသမား ဂါဘီယာသည် ၎င်း၏စာချုပ်သက်တမ်းကို ထပ်တိုးကာ ၂၀၁၈ ခုနှစ်တိုင်အောင် အသင်းတွင်ဆက်ရှိနေမည်ဖြစ်ကြောင်းသိရသည်။

၁၂ ဘီးယာဉ် ဆွမ်းလောင်းဓမ္မာရုံကိုတိုက်မိ တစ်ဦးသေဆုံး

ပဲခူး ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပျဉ်ပုံကြီးရွာသစ်ကျေးရွာအပိုင် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၆၇/၄) နှင့် (၆၇/၅) အကြား၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၄နာရီခန့်တွင် ဒိုက်ဦးမှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကျော်ကျော်လင်း အသက် (၂၅)နှစ် အောင်စိုးမိုးကျေးရွာ ဒိုက်ဦးမြို့နေသူ မောင်းနှင်လာသည့် ၅(ခ)/---- ယူဒီ ၁၂ ဘီးယာဉ်သည် ပျဉ်ပုံရွာသစ်ကျေးရွာ ဆွမ်းလောင်းဓမ္မာရုံကိုဝင်တိုက်မိပြီး တိမ်းမှောက်သွားသဖြင့် ယာဉ်မောင်း ကျော်ကျော်လင်းမှာ နေရာတွင်ပင် သေဆုံးကြောင်းသိရသဖြင့် ဘုရားကြီး ရဲစခန်းက တာဝန်မှူးဒုရဲအုပ်ဆန်းဝင်းသန်းနှင့် ယာဉ်မှုစစ်ရဲအုပ်ဆွေမောင် မောင်တို့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးပြီး ရဲအုပ် ဆွေမောင်မောင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဘုရားကြီးရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သီဟရာဇာ(ဘုရားကြီး)

ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ ငါးဦးဒဏ်ရာရ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အင်းစိန်မြို့နယ်တွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်ခဲ့ပြီး လူတစ်ဦး သေဆုံး၊ ငါးဦးဒဏ်ရာရရှိခဲ့မှု ဖြစ်ပွားခဲ့သည်။ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းမှ မင်္ဂလာဒုံမြို့နယ်ဘက်သို့ ပြည် လမ်းအတိုင်း ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၃ နာရီခန့်တွင် ယာဉ်မောင်း ကိုသိန်းမင်းမောင်းနှင်လာသည့် တိုက်ကြီး-ရန်ကုန်-သာယာဝတီ ပြေးဆွဲသည့် ဟိုင်းလပ် ခရီးသည်တင်ယာဉ်သည် မင်္ဂလာဒုံမြို့နယ် ဒါရိုက် ဘုရားကျောင်းအနီးအရောက်တွင် အရှိန်လွန်ကာ ဝဲဘက်သို့ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ထောက်ကြန့်မြို့နေ ကိုကျော်ဝင်းနိုင်မှာ ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ပြီး ကျန်ခရီးသည် ငါးဦးတွင် ဖူးရောင်ပေါက်ပြဲ၊ နာကျင်ဒဏ်ရာများရရှိခဲ့၍ အတွင်းလူနာ (မစိုးရိမ်ရ)များအဖြစ် တင်ပို့ကုသခဲ့သောကြောင့် အရေးယူပေးရန်တိုင်ကြားခဲ့သဖြင့် မင်္ဂလာဒုံမြို့မရဲစခန်းက ယာဉ်(ပ) ၉/၁၄၊ ပြစ်မှုပုဒ်မ ၃၃၈/၂၇၉/၃၀၄-က အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၃၁)

ဆိုင်ကယ်ကယ်ရီခတောင်းစဉ် ခရီးသည်အမျိုးသားများက မပေးဘဲ ဓားဖြင့်ထိုး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့ ထောက်ကြန့်နယ်မြေအတွင်း၌ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းက ဆိုင်ကယ်ကယ်ရီခတောင်းစဉ် ခရီးသည်အမျိုးသားများက မပေးဘဲ ဆိုင်ကယ်မောင်းသူအား ဓားဖြင့်ထိုးခဲ့သောဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် မင်္ဂလာဒုံမြို့နယ် သယ်န်းကွန်းကြီးကျေးရွာနေ ဦးမင်းသူသည် ဆိုင်ကယ်ကယ်ရီမောင်းသည့် ညီဖြစ်သူ ကိုအောင်မင်းဇော် ဓားထိုးခံရ၍ မြောက်ဥက္ကလာပဆေးရုံသို့ ရောက်ရှိနေကြောင်း သိရသဖြင့် သွားရောက်ကြည့်ရှုရာ လည်ပင်းယာဘက်ပြတ်ရှဒဏ်ရာတစ်ချက်ရရှိထားသည်ကိုတွေ့ရှိရကြောင်း သိရသည်။

ထို့နောက် ဖြစ်စဉ်အားမေးမြန်းသည့်အခါ အဆိုပါရက် ည ၈ နာရီ ၁၀ မိနစ်ခန့်က ကိုအောင်မင်းဇော်သည် သယ်န်းကွန်းကြီးလမ်းဆုံ၌ ဆိုင်ကယ်ဂိတ်ထိုးထားစဉ် အမည်မသိအမျိုးသားနှစ်ဦးက ကုန်းတလပေါင်ကျေးရွာသို့ ၄၁ာရမ်းသဖြင့် လိုက်ပို့ပေးခဲ့ကြောင်း၊ ကုန်းတလပေါင်သို့ရောက်သည့်အခါ ထောက်ကြန့်သို့ ဆက်လက်ပို့ခိုင်းခဲ့၍ မောင်းနှင်လာစဉ် တိုက်ကြီးဘီယာစက်ရုံ ဂျိုးဖြူပိုက်လုံးအနီးအရောက်၌ ကိုအောင်မင်းဇော်က ဆိုင်ကယ်အားရပ်ကာ ကယ်ရီခတောင်းခဲ့ကြောင်း၊ ထိုသို့တောင်းစဉ် ၎င်းအမျိုးသားနှစ်ဦးအနက် တစ်ဦးက အသင့်ပါလာသောဓားဖြင့်ထိုးပြီး ထွက်ပြေးသွားသဖြင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ထိုကဲ့သို့ ညီဖြစ်သူအား ဒဏ်ရာရရှိအောင် ပြုလုပ်သူများအား စုံစမ်းအရေးယူပေးပါရန် ဦးမင်းသူက တိုင်တန်းခဲ့သဖြင့် ထောက်ကြန့်နယ်မြေရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၄၀)

ကောလင်းမြို့ပေါ်တွင် အင်ခွဲသားဆိုဒ်စုံ ၉၇ ချောင်း ပိုင်ရှင်မဲ့တွေ့ရှိ

ကသာ ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့ပေါ်မှ အင်ခွဲသားဆိုဒ်စုံ ၉၇ ချောင်း ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ကသာခရိုင်တပ်ဖွဲ့မှူး၏ တရားမဝင်သစ်ဖမ်းဆီးရေးညွှန်ကြားချက်အရ ကောလင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်တင်မိုး၊ ရဲတပ်ကြပ်ကြီးထွန်းနွယ်ဦးတို့သည် ကောလင်းသစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမောင်မောင်စိုး၊ တောအုပ်ဦးခင်မောင်ဝင်း၊ တောခေါင်းဦးမောင်ငြိမ်း၊ ကျော်ဇေယျာရပ်ကွက်ရာအိမ်မှူးဦးဖြိုးတို့နှင့်အတူ သတင်းအရ ကျော်ဇေယျာတောင်ကျောင်း ဘုန်းကြီးကျောင်းအနီးတွင် အင်သစ်ခွဲသားဆိုဒ်စုံ ၉၇ ချောင်း (၇ ဒသမ ၀၇၀၆ တန်)ကာလတန်ဖိုး ငွေကျပ် ၁၄၁၄၁၂၀ ခန့် ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

ပိုင်ရှင်မဲ့တွေ့ရှိသည့်အင်ခွဲသားများအား သစ်တောဦးစီးဌာနသို့ အပ်နှံထားရှိပြီး သစ်တောဥပဒေအရ အရေးယူဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

(လေညင်းမွှေး-ကသာ)

ဆိုင်ကယ်မီးလောင်မှုဖြစ်ပွား

ရေနံချောင်း ဖေဖော်ဝါရီ ၁၉

ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီခန့်တွင် ရေနံချောင်း-မကွေး ကားလမ်း မိုင်တိုင်အမှတ်(၃၆၃) တွင် မကွေးမှ ရေနံချောင်းသို့ ကိုမျိုးသူရဆွေအောင် (၂၅)နှစ် မကွေးမြို့နေသူ မောင်းနှင်လာသော ဆိုင်ကယ်(နံပါတ်မပါ)သည် ဝါယာရှော့ဖြစ်ကာ ရေနံချောင်း ကောလိပ်ကျောင်းရှေ့တွင် မီးလောင်မှုဖြစ်ပွားရာ အနီးရှိ ထနောင်းပင်အား မီးကူးစက်လောင်ကျွမ်းခဲ့သည်။

ယင်းမီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ရာ နံနက် ၉ နာရီခွဲတွင် မီးလုံးဝငြိမ်းခဲ့ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

နောင်ချိုတွင် ကျပ်သိန်း ၄၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

လားရှိုး ဖေဖော်ဝါရီ ၁၉

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုး နောင်ချိုလုပ်ရှားအဖွဲ့မှ ရဲအုပ်ဇော်လင်းကျော်ဦးစီးအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၃ နာရီခန့်တွင် နောင်ချိုမြို့နယ် အေးရှားဝေါလ် တိုးဂိတ်အနီး၌ မူးယစ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မူဆယ်မှ မန္တလေးသို့ ယာဉ်မောင်း ဦးမင်းဇော် မောင်းနှင်လာသော ၆ယ/... Power 5 ယာဉ်အားရှာဖွေရာ ခုံအမှတ်(၂၇)ရှိ မဟွေလင့်နှင့် ခုံအမှတ်(၂၈)ရှိ မအေးယိမ်းတို့၏ အမည်ပါချိတ်ဆွဲထားသော ဆာလာအိတ်အတွင်း စောင်ဖြင့်ပတ်လျက် ပလတ်စတစ်ကပ်ခွာအိတ် တစ်အိတ်လျှင် 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၀၀ ပြားပါ အထုပ် ၁၂၀ ဆေးပြား ၂၄၀၀၀ ပြား (အလေးချိန် ၂၁၆၀ ဂရမ်)ကို ဖမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ကွတ်ခိုင်မြို့နယ်မှ ကချင်ပြည်နယ် မိုးညှင်းမြို့ မော်ဟန်ရွာသို့ သယ်ဆောင်ခ ငွေကျပ် ၁၇ သိန်းဖြင့် သယ်ဆောင်ခြင်းဖြစ်ကြောင်းပေါ်ပေါက်သဖြင့် စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်လာသူ မဟွေလင့်(၃၉)နှစ် ဝက်ကုန်းရပ်ကွက် ဟိုပင်ရွာ မိုးညှင်းမြို့နယ်နေသူနှင့် မအေးယိမ်း (၃၉)နှစ် ဝက်ကုန်း ရပ်ဟိုပင်ရွာ မိုးညှင်းမြို့နယ်နေသူတို့အား နောင်ချိုမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ဟန်ငွေး(iprd)

ပျဉ်းကတိုးသားများ ဖမ်းဆီးရမိ

တိုက်ကြီး ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေး၊ တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်ကြီးကြပ်သော သစ်တောဝန်ထမ်းများအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ဥက္ကံသကြားစက်လမ်းဆုံ ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် (၆၇/၃) အနီး ပြည်ဘက်မှ မောင်းနှင်လာသော ယာဉ်အမှတ် ၈ဇ/.... တောင်းအေ့စ်အမျိုးအစား (Pickup)အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ပျဉ်းကတိုးမျောတိုင် ၁၂ လုံး၊ ပျဉ်းကတိုးခွဲသား ၃၅ ချောင်း စုစုပေါင်း သုည ဒသမ ၇၇၄၂ တန်အား တင်ဆောင်လာသည်ကို တွေ့ရှိ၍ တရားဝင်သယ်ဆောင်လာကြောင်း အထောက်အထားမပြနိုင်သည့်အတွက် ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်၊ သစ်ပိုင်ရှင် ဦးကျော်ကျော်ဦးအား သစ်တောဥပဒေအရ အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ချဲထီ လောင်းကစားသူ ဖမ်းဆီးရမိ

ကျိုက်ထို ဖေဖော်ဝါရီ ၁၉။ ။ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ ဆိပ်ကမ်းသာရပ်ကွက်နေ ဒေါ်နှင်းကြည်(၅၀)နှစ်၏ ဈေးဆိုင်တွင် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ချဲထီလောင်းကစားမှုပြုလုပ်နေကြောင်း သတင်းအရ သိမ်ဇရပ်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်မျိုးလွင်နှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အဆိုပါဈေးဆိုင်၌ ဒေါ်နှင်းကြည်အား ချဲထီလောင်းကစားမှု ပြုလုပ်ရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ လောင်းကြေးငွေ ၄၅၀၀၀ ကျပ်နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိသဖြင့် တရားမဝင်လောင်းကစားပြုလုပ်သူ ဒေါ်နှင်းကြည်အား သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဝင်းမောင်(iprd)



သတိပြုဖွယ်ရာ မှုခင်းအဖြာဖြာ


စစ်တွေတွင် UNICEF တံဆိပ်ပါ ကလေး ကျောင်းသုံး ကျောပိုး အိတ်များ အရောင်းအဝယ်ဖြစ်

စစ်တွေ၊ ဖေဖော်ဝါရီ ၁၉

ရခိုင်ပြည်နယ် စစ်တွေမြို့တွင်းရှိ ဈေးကြီးများတွင် ဆင်းရဲနွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများအတွက် လှူဒါန်းထားသော UNICEF တံဆိပ်ပါ ကလေးကျောင်းသုံး ကျောပိုးအိတ်များ အရောင်းအဝယ်ဖြစ်နေကြောင်း ယင်းမြို့သို့ ဆင်းရဲနွမ်းပါးသည့်ကလေးများအတွက် လှူဒါန်းမှုပြုလုပ်နေသော အဖွဲ့အစည်းတစ်ခုက အဖွဲ့ဝင်တစ်ဦးကပြောသည်။

“ဒီ UNICEF တံဆိပ်ပါတဲ့ ကျောပိုးအိတ်တွေက အရင်ကလည်း အရောင်းအဝယ်ဖြစ်နေတယ်။ ဒါတွေက ဒီဒေသရဲ့ မရှိဆင်းရဲနွမ်းပါးတဲ့ ဒေသခံကလေးတွေကို အကုန်အကျသက်သာအောင် လှူဒါန်းထားတဲ့ ပစ္စည်းတွေပါ။ ဒီမှာ အရောင်းအဝယ်ဖြစ်နေတာ တွေ့ရတော့စိတ်မကောင်းဘူး။ တစ်လုံးကို ကျပ် ၆၀၀ နဲ့ ရောင်းနေတာတွေ့ရတယ်” ဟု အဆိုပါအဖွဲ့ဝင်က ပြောသည်။

အဆိုပါ UNICEF ကျောပိုးအိတ်များသည် ဒေသခံပြည်သူများအတွက် UNICEF အဖွဲ့အစည်းမှ အမှန်တကယ် လိုအပ်လျက်ရှိသော ဆင်းရဲနွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများထံ မရောက်ရှိဘဲ ယခုလိုဈေးကွက်ဖြစ်ပေါ်နေခြင်းသည် စိတ်ဝင်စားဖွယ်ရာဖြစ်လာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

နေဇာ (ပိတောက်ရိပ်)

သတင်းတို

နာကျင်မှုဝေဒနာ ကုသရေးသင်တန်းဖွင့်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမတွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက နာကျင်မှုဝေဒနာကုသရေး ဆေးပညာဖွံ့ဖြိုးတိုးတက်ရေး နည်းပြသင်တန်းကို ဖွင့်လှစ်ခဲ့သည်။ သင်တန်းတွင် အပြည်ပြည်ဆိုင်ရာနှင့် မြန်မာနိုင်ငံ နာကျင်မှုဝေဒနာကုသရေးအဖွဲ့ ဒိန်းမတ်နိုင်ငံမှ ပါမောက္ခ Dr.Troels Jensen ၊ ပါမောက္ခ Dr. Cynthia Goh၊ တွဲဖက်ပါမောက္ခ Dr.Pradit Prateepaanich တို့က နာကျင်မှုဝေဒနာကုသရေးနှင့်ပတ်သက်၍ ရောဂါရာဇဝင်၊ အဆင့်အလိုက်လေ့လာဆန်းစစ်ချက်များ၊ နောက်ဆုံးပေါ်ကုသနည်းများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနအသီးသီးမှ သင်တန်းသားပေါင်း ၃၄ ဦး တက်ရောက်လျက်ရှိသည်။

သီဟကိုကို (မန္တလေး)

ကရင်ပြည်နယ် ဘားအံမြို့တွင် မော်တော်ဆိုင်ကယ် မှတ်ပုံတင်လိုင်စင်များနေ့ချင်းပြီး ဆောင်ရွက်ပေး

ဘားအံ၊ ဖေဖော်ဝါရီ ၁၉

ကရင်ပြည်နယ် ဘားအံမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များကို အခွန်အခများပေးဆောင်စေ၍ တရားဝင်မှတ်ပုံတင်ပေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက်မှစတင်၍ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

“အခုလို ပြည်သူတွေ အဆင်ပြေအောင်လုပ်ဆောင်ခွင့်ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ စီစဉ်ဆောင်ရွက်ခွင့်ပေးတဲ့ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်မိတယ် ကရင်ပြည်နယ်မှာရှိတဲ့ မြို့နယ်များကိုလည်း ဒီနေ့လုပ်သလိုမျိုး နေ့ချင်းပြီး ဝန်ဆောင်မှု သက်ဆိုင်ရာဌာန ကိုယ်စားလှယ်တို့ ပါဝင်သောပူးပေါင်းအဖွဲ့တွေနဲ့ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားပါမယ်” ဟု ဘားအံမြို့ ကညနဦးစီးဌာနမှူးက ပြောကြားသည်။

မော်တော်ယာဉ် စီးနင်းသူများအနေဖြင့်လည်း လိုအပ်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မော်တော်ယာဉ်ဆိုင်ရာ လိုအပ်သော ဆောင်ရွက်ချက်များ ပြုလုပ်ပေးထားသည့်အတွက် စည်းမဲ့ကမ်းမဲ့မောင်းနှင်သွားလာခြင်း မပြုလုပ်သင့်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျလိုက်နာ အသုံးပြုကြရန်တာဝန်မှာ အများပြည်သူ၏ တာဝန်လည်းဖြစ်ပါကြောင်း တာဝန်ကျယာဉ်ထိန်းရဲအရာရှိက ပြောသည်။

ရွှေတောကျေးရွာနေ လယ်သမားကြီး ဦးပွင့်ဆန်းက “အရင်တုန်းက ကျွန်တော်ဆိုင်ကယ် လိုင်စင် သက်တမ်းတိုး ဆောင်ရွက်ခဲ့ဖူးတယ် ကညန သွားရ မြို့နယ်အကောက်ခွန်၊ ပြည်နယ်အကောက်ခွန်မှတစ်ပါး ရယက ရုံး ပြီးတော့ ကညနရုံး ဒုတိယတစ်ခေါက်၊ ကညနရုံးက တစ်ခါ အကောက်အခွန်နဲ့အာမခံကိုပြန်ညွှန်ပြန် အဲဒီကမှ ကညနရုံးပြန်သွား စာရွက်စာတမ်းတွေအားလုံးလဲစုံပြီး ကညနရုံး ပြန်ရောက်တော့လည်း အုန်နာဘုတ်၊ ဗီးတက်ရဖို့ နှစ်ရက်လောက်ထပ်စောင့်ရသေးတယ်။ ငွေကုန်လူပမ်း၊ ဖတ်ဖတ်ကို မောရော ခက်ခက်ခဲခဲ လုပ်ခဲ့ရတယ်” ဟု ပြောသည်။

“အခုနိုင်ငံတော်ရဲ့ နေ့ချင်းပြီးဝန်ဆောင်မှု အစီအစဉ်တွေကြောင့် ဆိုင်ကယ်မှတ်ပုံတင်ခြင်းကို နေ့ခြင်းပြီးဆောင်ရွက်နိုင်ခဲ့တယ် ကျွန်တော် ဟုတ်မှဟုတ်ပါ့မလားလို့ ထင်မိတယ်။ အရမ်းလည်းဝမ်းသာတယ်။ ကျေးဇူးလည်းတင်မိတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တရားမဝင် မော်တော်ဆိုင်ကယ်များအား လိုင်စင်ပြုလုပ်ပေးခြင်း စီမံချက်ကာလကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့မှစတင်၍ ဇူလိုင်လ ၄ ရက်နေ့အထိ အများပြည်သူ ရုံးပိတ်ရက်မပါ ရုံးဖွင့်ရက် ရက်ပေါင်း ၉၀ သတ်မှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ဖေဖော်ဝါရီ ၁၇ ရက် မတိုင်မီက တွေ့ရသော လိုင်စင်မဲ့ဆိုင်ကယ်များ။

တရုတ်နှစ်သစ်ကူးပြီးသော်လည်း မန်းကျောက်ဈေးကွက်သို့ တရုတ်ကုန်သည်ကြီးများ လာရောက်မှု မရှိသေး

မန္တလေး၊ ဖေဖော်ဝါရီ ၁၉

တရုတ်နှစ်သစ်ကူး ပြီးဆုံးသွားခဲ့သော်လည်း မန္တလေးမြို့ ရှိမဟာအောင်မြေကျောက်ဝိုင်းတွင်တရုတ်ကုန်သည်ကြီးများ လာရောက်မှုမရှိသေးခြင်းကြောင့် အဆိုပါကျောက်ဝိုင်းအတွင်း အရောင်းအဝယ် အေးလျက်ရှိကြောင်း ကျောက်ဝိုင်းရှိ ကုန်သည်၊ ပွဲစားများက ပြောသည်။

တရုတ်နှစ်သစ်ကူးမတိုင်မီတွင် မန္တလေး ကျောက်ဈေးကွက်မှာ အရောင်းအဝယ်ရပ်ဆိုင်းသွားသည်အထိ အရောင်းအဝယ်နည်းသွားခဲ့ပြီး နှစ်သစ်ကူးပြီးဆုံးသွားပါက ဈေးကွက်ပြန်လည်ကောင်းမွန်နိုင်မည်ဟု မျှော်လင့်ထားခဲ့ကြသော်လည်း တရုတ်ကုန်သည်ကြီးများလာရောက်မှုမရှိခြင်းကြောင့် ဈေးကွက်အခြေအနေမှာ ပုံမှန် ပြန်မရောက်သေးကြောင်း ကျောက်ကုန်သည် ကိုကျော်စိုးက ပြောသည်။

“မန္တလေးဈေးကွက်မှမဟုတ်ဘူး။ ရွှေလီက ကျောက်ဈေးကွက်လည်းပုံမှန် ပြန်မဖြစ်သေးဘူး။ တချို့ကတော့ ရွှေလီတက်ရောင်းကြတယ်။ ဒါပေမယ့်အဆင်ပြေတဲ့သူရှားပါတယ်” ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် မဟာအောင်မြေကျောက်ဝိုင်းအတွင်း တရုတ်ကုန်သည်တစ်ချို့ရောက်ရှိနေသော်လည်း ဈေးနှိမ်ဝယ်ယူမှုများလည်းရှိနေခြင်းကြောင့် ကျောက်များရောင်းချရန် အခက်အခဲဖြစ်နေခြင်းဖြစ်ကြောင်း ကျောက်ပွဲစား ကိုလှမြင့်က ပြောသည်။

“အခုရောက်နေတဲ့ တရုတ်ကုန်သည်တွေက အသေးစားတွေပါ။ ကုန်သည်ကြီးတွေမလာသေးခင် သူတို့ကဈေးနှိမ်ပြီး အရင်လိုက်ဝယ်ကြတယ်။ ပုံမှန်ထက်ကို ဈေးနှိမ်ဝယ်ကြတော့ တော်တော်လေးအခက်အခဲဖြစ်တယ်” ၎င်းက ပြောသည်။

လက်ရှိတွင် မန္တလေးမြို့၊ ကျောက်ဝိုင်းအတွင်းတွင် အပွင့်လိုင်းတစ်လိုင်းသာငွေကျပ် ၁၀ သိန်း ပတ်ဝန်းကျင်တွင် ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ယခုအချိန်အထိမရောင်းရသေးသည့် ကျောက်အမျိုးအစားများလည်း ရှိနေသေးကြောင်း သိရသည်။

အောင်ရဲသွင်

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၄/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-185(2013-2014)	Fire Fighting Truck	(1) Unit	US$
(၂)	IFB-186(2013-2014)	CAT D 3508 Marine Engine Assy With Gear Box	(2) Sets	US$
(၃)	IFB-187(2013-2014)	Spares for CAT D 399 Engine & CAT D 379 Engine	(7) Items	US$
(၄)	IFB-188(2013-2014)	30" LSAW API 5L,Grade X65,3LPE Coated Steel Line Pipe(35Miles)& Accessories	(1) Lot	US$
(၅)	IFB-189(2013-2014)	2" & 3" Pipe Fittings	(8) Items	US$
(၆)	IFB-190(2013-2014)	6"x8" R Mixing Pump	(3)Sets	US$
(၇)	IFB-191(2013-2014)	20"LSAW API 5L, Grade X 46, 3LPE Coated Steel Line Pipe (5Miles) & Accessories	(1) Lot	US$
(၈)	IFB-192(2013-2014)	Surveying, Transferring, Laying, Welding, Construction, NDT, Land and Crop Compensation of 20" Gas Pipe Line	(1) Lot	US$
(၉)	DMP/L-062(2013-2014)	Spares for CAT-D399 Engine Ex USS Oil Well Rig	(4)Items	Ks
(၁၀)	DMP/L-063(2013-2014)	Spares for CAT-D3512 Engine Ex ZJ 50 D SR I & II Rig	(5)Items	Ks
(၁၁)	DMP/L-064(2013-2014)	Roller Bearing(3)Items for K-700 Rig Pump's Jack Shaft and 100 Tons Jack Hydraulic Hand Pump	(1)Lot	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၇-၃-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

လိပ်ထိန်းသိမ်းရေးဇုန် အနီး ဘဲငန်းဥ အရွယ်ခန့် လိပ်ဥအလုံး ၁၅၀ ကျော်တွေ့ရှိ

ဂွမြို့နယ်၊ ဖေဖော်ဝါရီ ၁၉

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ကျိန်တလီ လိပ်ထိန်းသိမ်းရေးဇုန် နယ်မြေတွင် ပုံမှန်လိပ်ဥအရွယ်ထက်ကြီးပြီး ဘဲငန်းဥအရွယ်အစားဟု ပညာရှင်များက ခန့်မှန်းထားသော လိပ်ဥအလုံး ၁၅၀ကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရှိခဲ့ရကြောင်း ကျေးရွာဇီဝမျိုးစုံ ထိန်းသိမ်းရေးအဖွဲ့၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပုံမှန်လိပ်ဥက အချင်း တစ်လက်မလောက်ပဲရှိတယ်။ အခုတွေ့တဲ့ဥက အချင်း ၁ ဒသမ ၇၅ လက်မအရွယ်ပဲ ငန်းဥလောက်နည်းပါး ရှိနေပါတယ်။ ပညာရှင်တွေကိုမေးတော့ လိပ်စောင်းလျားအကြီးမျိုးနွယ်တွေလို့ ပြောပါတယ်။

လိပ်ကိုမတွေ့လိုက်ရပေမယ့် လိပ်ရဲ့ဗိုက်အရာကို ကန့်လန့်ဖြတ်တိုင်းတာလေးပေကျော်ရှိလို့ အကောင်ကြီးဖြစ်ပါတယ်။ ထိန်းသိမ်းရေးနယ်မြေရဲ့ အပြင်ဘက်မှာတွေ့တာပါ"ဟု ကျေးရွာ ဇီဝမျိုးစုံ ထိန်းသိမ်းရေးအဖွဲ့၏ ဒေသတွင်းဆက်သွယ် ညှိနှိုင်းရေးမှူး ဒေါက်တာမောင်မောင်ကြည်က ပြောသည်။

အဆိုပါ လိပ်စောင်းလျားမျိုးနွယ်မှာ မြန်မာနိုင်ငံရှိ ရှားပါးလိပ်မျိုးနွယ်ထဲတွင် ပါဝင်ပြီး လိပ်များ ဥချသည့်ရာသီတွင် လိပ်ထိန်းသိမ်းရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောသည်။

"လိပ်ထိန်းသိမ်းရေး လုပ်ငန်းတွေကို အကွက်လိုက်မဟုတ်ဘဲ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်လုံးမှာ မြို့နယ်တိုင်း ဖြစ်နိုင်ရင် အလေးထားဆောင်ရွက်ပေးနိုင်ရင် ပိုကောင်းပါတယ်။ ကမ်းရိုးတန်းကျေးရွာတွေက ဒေသခံတွေကိုလည်း ခုချိန်ထက်ပိုပြီး ပညာပေးသင့်ပါတယ်။ လိပ်အကောင် ၁၀၀ ပေါက်ရင် အရွယ်ရောက်တဲ့ လိပ်ကတစ်ကောင်ပဲ အဖတ်တင်တာဖြစ်လို့ အခုလိုဂရုတစိုက်လုပ်မှ သားပေါက်နှုန်း မြှင့်တင်ပေးနိုင်မှာပါ"ဟု ဒေါက်တာမောင်မောင်ကြည်က ပြောသည်။

ဇန်နဝါရီလဆန်းတွင်လည်း ကျိန်တလီမြို့နယ်ခွဲ၊ ကျောက်ခေါင်းကျေးရွာနှင့် စေတီကွင်းကျေးရွာရှိ လိပ်ထိန်းသိမ်းရေးနယ်မြေအတွင်း ပြင်သာလိပ်နှင့် လိပ်လျှောင်း(လိပ်လောင်း)မ အကောင် ခြောက်ကောင်မှ လိပ်ဥပေါင်း ၇၀၀ ကျော်ဥချခဲ့သဖြင့် ကျေးရွာ ဇီဝမျိုးစုံထိန်းသိမ်းရေးအဖွဲ့မှ လိပ်များ သားပေါက်ကာ ပင်လယ်ပြင်သို့ ပြန်လည် လွှတ်ပေးနိုင်ရန်အတွက် ကျေးရွာမှ ရွာသားများအစောင့်ချထားပြီး ဆောင်ရွက်ခဲ့ကြောင်း ပြောသည်။

၂၀၁၂ ခုနှစ် မိုးနှောင်းပိုင်းအချိန်တွင် လိပ်လျှောင်းနှင့် ပြင်သာလိပ် အမ ၁၉ ကောင်မှဥသော လိပ်ဥ ၁၉၀၀ ကျော်မှ အကောင်ပေါက်များ ပင်လယ်တွင်းသို့ လွှတ်ပေးနိုင်ကာ ၂၀၁၄ ခုနှစ် တစ်နှစ်လုံးတွင် လိပ်မအကောင် ၂၀ ဥ ချ နိုင်မည်ဟု ခန့်မှန်းထားကြောင်းသိရသည်။

ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသများတွင် တွေ့ရသောရှားပါးမျိုးစိတ်လိပ် ငါးမျိုးမှာ လိပ်လျှောင်း၊ လိပ်ကြက်တူရွေး၊ ပြင်သာလိပ်၊ လိပ်စောင်းလျားနှင့် လိပ်ခွေးတို့ဖြစ်ပြီး လိပ်များ၏ သဘာဝအရ ဇန်နဝါရီလမှ မတ်လကုန်အတွင်းပင်လယ်ရေစပ်မှ ကမ်းခြေပေ ၅၀ အကွာလူသွားလာနည်းသော သဲသောင်စပ်များတွင် အနက် ၂၅ လက်မတူး၍အများဆုံး ဥချကာရက်ပေါင်း ၅၀ ခန့်ကြာသော အခါတွင် အကောင်ပေါက်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်၊ ဂွမြို့၊ ကျိန်တလီ ကျေးရွာလက်အောက်ရှိ ရှားပါးမျိုးစိတ် ပင်လယ်လိပ်များအများဆုံး ဥချတက်သည့် ပင်လယ်သဲသောင်နေရာဒေသများမှာ စေတီကွင်းရွာ၊ ကျောက်ခေါင်းရွာ၊ ညောင်ပင်သာကျေးရွာနှင့် ပုလ္လင်ပေါ်ကျေးရွာများဖြစ်သည်။

စိုးအောင်ဖေ

ဂျာမနီနိုင်ငံ Interplast Munich အဖွဲ့မှ လှူဒါန်းသော ကာလတန်ဖိုးငွေကျပ် သိန်းသုံးရာကျော် တန်ဖိုးရှိ မေ့ဆေးစက်။

စစ်တွေမြို့ရှိ နှုတ်ခမ်းကွဲ အာခေါင်ကွဲ ဝေဒနာရှင်များ အခမဲ့ကုသပေးမည်

စစ်တွေ၊ ဖေဖော်ဝါရီ ၁၉

စစ်တွေမြို့ရှိ နှုတ်ခမ်းကွဲ အာခေါင်ကွဲ မီးလောင်ဒဏ်ရာအစရှိသော ဝေဒနာရှင်များအား မြန်မာနိုင်ငံစာဖိုမှူးများအသင်းနှင့် ရခိုင်အမျိုးသားလူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်) ၏အစီအစဉ်များဖြင့် ဂျာမဏီနိုင်ငံ Interplast Munich အဖွဲ့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် မြန်မာဆရာဝန်များပူးပေါင်းကာ ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်သူ့ဆေးရုံးကြီးတွင် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၈ ရက်နေ့ထိ အခမဲ့ ခွဲစိတ်ကုသမည်ဖြစ်ကြောင်း ယင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ ကုသရာတွင်လည်း ဆေးပစ္စည်းများနှင့် ကုသရေးစက်ဖြစ်သော ကာလတန်ဖိုးငွေကျပ် သိန်း ၃၀၀ ကျော် မေ့ဆေးစက်တစ်လုံးအား လှူဒါန်းသွားမည်ဖြစ်ကာ ပြည်တွင်းပြည်ပ သာသနာပြု ကျေးဇူးတော်ရှင် အလိုတော်ပြည့်ဆရာတော်၏ ဩဝါဒဖြင့် စီစဉ်ရခြင်းဖြစ်ကြောင်းသိရသည်။

ယင်းစက်ပစ္စည်းများအား ပထမအကြိမ် စစ်တွေ ပြည်သူ့ဆေးရုံသို့ တစ်လုံးလှူဒါန်းခဲ့ပြီး ယခု ဒုတိယအကြိမ် တစ်လုံး လှူဒါန်းသွားမည်ဟု ရခိုင်အမျိုးသားလူမှုကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်) က တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောသည်။

နေဇာ(ပိတောက်ရိပ်)

ဆန်ဈေးနှုန်းများ ၁၀ရာခိုင်နှုန်းထိမြင့်တက်လာ၊ နွေစပါးပေါ်ချိန်၌ ဈေးနှုန်းပြန်ကျနိုင်မည်ဟုခန့်မှန်း

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးမပေါ်ခင် ကာလဆက်ကြားဖြစ်ခြင်းနှင့် ပြည်ပသို့ဆန်တင်ပို့ခြင်းတို့ကြောင့် ဆန်စပါးဈေးနှုန်းများမှာ ၁၀ရာခိုင်နှုန်းထိ မြင့်တက်လာကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

" ရန်ကုန်မှာ ဒီတစ်ပတ်အတွင်းဆန်ဈေးက ငါးရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းထိကို တက်သွားတယ်။ နွေစပါးမပေါ်ခင်အထိတော့ အခုလိုပဲ ဆန်ဈေးနှုန်းဆက်တက်အုံးမယ်ထင်တယ်။ နွေစပါးပေါ်ရင် ပြန်ကျသွားမှာပါ" ဟု မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာ စိုးထွန်း ပြောသည်။

ဆန်တစ်အိတ်လျှင် အမျိုးအစားလိုက် တစ်အိတ်ကို ကျပ် ၃၀၀၀ ဝန်းကျင်ခန့် ဈေးနှုန်း မြင့်တက်သွားခြင်းဖြစ်ပြီး လက်ရှိ ရန်ကုန်မြို့မှ ဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့နေရကြောင်း၊ ဒုတိယအနေဖြင့် ဥရောပနိုင်ငံများသို့ တင်ပို့နေရကြောင်း သိရသည်။

ဂျပန်နိုင်ငံသို့ ယခုနှစ် ဧပြီလကုန်မှ စတင်ပြီး ဧည့်မထ ငါးမတ် အမျိုးစား ဆန်တန်ချိန် ခြောက်သောင်း တင်ပို့မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် တရားဝင်တင်ပို့နိုင်ခြင်း မရှိသေးသော်လည်း တရုတ်သို့ ဧည့်မထဆန် ၂၅ မတ် အမျိုးအစားကို တင်ပို့မှု အများဆုံးဖြစ်သည်။

မြန်မာနိုင်ငံမှ နှစ်စဉ် ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် တစ်သန်းခန့် တင်ပို့လျက်ရှိနေပြီး ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်တွင် ဇန်နဝါရီလကုန်အထိ ဆန်တန်ချိန် ၁ ဒသမ ၃သန်းခန့် ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပြီးဖြစ်ကြောင်း ဆန်စပါးအသင်းမှ စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ဧကပေါင်း သန်း၂၀ ရှိပြီး မြန်မာနိုင်ငံတွင် နှစ်စဉ် ဆန်စပါး တင်းပေါင်းသန်း ၁၅၀၀ ခန့် ထွက်ရှိသည့်အနက် ပြည်တွင်းစားသုံးမှုမှာ တင်းပေါင်း သန်း ၁၀၀၀ ဖြစ်ကြောင်း အဆိုပါစာရင်းများ အရ သိရသည်။

အောင်(မန်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်တွင် ဆောက်လုပ်မည့် စုစုပေါင်း ကြမ်းခင်းဧရိယာ ၁၂၀၀၀ စတုရန်းပေရှိ လေးထပ်ရုံးအဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊အချိန် - ၁၇-၂-၂၀၁၄ ရက်၊ ၉း၃၀ နာရီ
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊အချိန်- ၂၄-၂-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ
Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက်၊ အချိန် - ၃၁-၃-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၃၀၀၀၀)ကျပ် နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါပါလုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်အား ၂၇-၂-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ်(၂၇)၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ တင်ဒါဝယ်ယူထားသော ကုမ္ပဏီများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁/၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁



ဝမ်းတွင်းမြို့နယ် သစ်ပုလွေကန်ကျေးရွာဒေသခံတောင်သူများ ကြက်သွန်မျိုးစေ့ပင်စိုက်ပျိုးခြင်းအား စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၉

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဒလကျေးရွာအုပ်စု သစ်ပုလွေကန်ကျေးရွာဒေသခံတောင်သူအများစုသည် ကြက်သွန်မျိုးစေ့ပင် စိုက်ပျိုးခြင်းအား စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်ဟု အဆိုပါကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။

"ကြက်သွန်မျိုးစေ့ပင်ကိုသုံးလကနေ လေးလကြားအထိ စိုက်ပျိုးရတယ်။ မျိုးစေ့တစ်တင်းကို ကျပ်သုံးသိန်း၊ လေးသိန်း ထိပေးပြီး ဝယ်ယူစိုက်ပျိုးရတယ်။ မျိုးစေ့ပင်အောင်မြင်ထွက်ရှိတဲ့အချိန်ကျတော့လည်း မျိုးစေ့တစ်ပြည်ကို ကျပ် နှစ်သောင်းခွဲအထိ ဈေးကောင်းနဲ့ ရောင်းရတယ်။ မြင်းခြံ၊ မြစ်သား၊ ကျောက်ဆည်၊ စဉ့်ကိုင်နယ်ဘက်က ကြက်သွန်စိုက်ပျိုးတဲ့ တောင်သူတွေက ကျေးရွာအရောက် ကြက်သွန်မျိုးစေ့ကို လာရောက် ဝယ်ယူကြတယ်။ ကြက်သွန်မျိုးစေ့ပင်ကို စိုက်ပျိုးထားတဲ့ကာလမှာ ပိုးသတ်ဆေးဖျန်းသင့်တဲ့အချိန်ဖျန်း၊ ပုလဲ၊ အာမို ဓာတ်မြေသြဇာကျွေးတဲ့အချိန်ကျွေး ပြုလုပ်ပေးရတယ်။ စိုက်ပျိုးစကာလမှာ ရေသွင်းစိုက်ပျိုးတာ ဆိုတော့ တစ်ပတ်တစ်ကြိမ်ရေသွင်းပေးရတယ်။ မျိုးစေ့ပင် ပန်းပွင့်အချိန်မှာလည်း ပန်းပွင့်အရောင်ပြောင်းလဲတာကို ဂရုစိုက် ပေးရတယ်။ ပိုးကျတယ် မကျဘူးသိရအောင်ပေါ့။ ကြက်သွန်မျိုးစေ့ပင်ကို သစ်ပုလွေကန် ဒေသခံ အများစုက စီးပွားဖြစ်စိုက်ပျိုးကြတယ်။ ဒလကျေးရွာအုပ်စုအတွင်း အခြားကျေးရွာတချို့မှာလည်း ကြက်သွန်မျိုးစေ့ပင်ကို စိုက်ပျိုးကြပါတယ်"ဟုၶင်းက ပြောသည်။

ကြက်သွန်စိုက်တောင်သူများအနေဖြင့်ကြက်သွန်မျိုးစေ့များကို ဝယ်ယူစိုက်ပျိုးကြရပြီး ကြက်သွန်ပင်မှ ရရှိသည့် မျိုးစေ့(ဥ)ကို ကြက်သွန်မျိုးစေ့ပင်အဖြစ် ပြန်လည် စိုက်ပျိုးကြမည့်သူများကို ရောင်းချခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကြက်သွန်စိုက်ပျိုးရာတွင်မျိုးစေ့ဖြင့် စိုက်ပျိုးရခြင်းဖြစ်ပြီး မျိုးစေ့ဖြင့် စိုက်ပျိုးရရှိသည့် ကြက်သွန်ဥများထဲမှ မျိုးစေ့(ဥ)ကိုရွေးချယ်ကာ မျိုးစေ့ပင်အဖြစ် ပြန်လည်စိုက်ပျိုးရခြင်းဖြစ်ကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ကွန်ပျူတာတက္ကသိုလ်(ဘားအံ)သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၁၉

ကရင်ပြည်နယ် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တွင် သတ္တမကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ကျောင်းအုပ်ကြီးက ပညာရေးအဖွဲ့က ထောက်ခံချက်ပေးပြီးဖြစ်သောဘွဲ့များကို မောင်တို့မယ်တို့အား အပ်နှင်းလိုက်သောအခါ နေ့စဉ်နေ့တိုင်း နေထိုင်ပြောဆိုမှု၌ တက္ကသိုလ်ဘွဲ့ရများနှင့် သင့်လျော်ထိုက်တန်စွာ ရိုးသားဖြောင့်မတ်စွာ နေထိုင်ပြောဆိုကြရန်၊ ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် မွန်မြတ်သော ပညာရှာမှီးမှုကိုအခွင့်အရေးအစွမ်းသတ္တိရှိသမျှထိန်းသိမ်းဆောင်ရွက်ကြရန် ပြည်သူတစ်ရပ်လုံးငြိမ်းချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းသတ္တိရှိသမျှဆောင်ရွက်ထိန်းသိမ်းကြရန် ဆုံးမကတိပြုစေခဲ့ပြီး ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၏ ဘွဲ့အသီးသီးအတွက် ကောင်းမွန်စွာအောင်မြင်ပေါက်မြောက်ခဲ့ပြီးဟု ကြေညာပြီးဖြစ်သော ဘွဲ့ယူသူမောင်၊ မယ် ၃၀ ဦးတို့အနက် တက်ရောက်လာသောမောင်၊ မယ် ၂၈ ဦးတို့ကို သက်ဆိုင်ရာဘွဲ့လက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)ကျောင်းအုပ်ကြီးက ၂၁ ရာစုတွင်ရင်ဆိုင်ကြုံတွေ့နေရသည့်ပညာခေတ်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်မည့်လူ့စွမ်းအားအရင်းမြစ်များကို လေ့ကျင့်မွေးထုတ်ပေးရာတွင် အဓိကကဏ္ဍမှပါဝင်သော ကွန်ပျူတာတက္ကသိုလ်များဟာကွန်ပျူတာအတတ်ပညာရှင်၊အသိပညာရှင်တွေဖြစ်အောင် နိုင်ငံတော်၏ အလိုအပ်ဆုံး အခြေခံကောင်းများ ပြုစုမွေးထုတ်ပေးနိုင်ခဲ့တဲ့ အတွက် ယနေ့ချီးမြှင့်လိုက်တဲ့ဘွဲ့ဒီဂရီအသီးသီးဟာမောင်မယ်တို့ကိုကွန်ပျူတာပညာရှင်အဖြစ် စတင်အမှတ်သညာပြုလိုက်ခြင်းဖြစ်တဲ့အတွက် ရရှိထားသော ဘာသာရပ်ဆိုင်ရာ အခြေခံကောင်းများပေါ် မူတည်ပြီး လုပ်ငန်းခွင်လက်တွေ့နယ်ပယ် အသုံးချနိုင်အောင် ကွန်ပျူတာပညာရပ်များကိုဆက်လက်ကြိုးစားသွားကြရန်၊ အိမ်နီးချင်းနိုင်ငံများမှ ကွန်ပျူတာပညာရှင်များအောက် မလျော့ကျသည့်စွမ်းဆောင်ရည်မျိုးရှိသည်ဆိုသည်ကိုမိမိကိုယ်မိမိလေးလေးနက်နက်ယုံကြည်၍ ထက်မြက်သည့် စွမ်းဆောင်ရည်နှင့် အများထက်သာလွန်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယများ ပေါင်းစပ်၍မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးဖြစ်အောင်နိုင်ငံနှင့် လူမျိုးပြည်သူတို့၏လိုအပ်ချက်များကို မိမိတို့တတ်စွမ်းသည့်ဘက်မှ အစွမ်းကုန်ဖြည့်ဆည်းပေးကြပါရန် ကွန်ပျူတာတက္ကသိုလ်(ဘားအံ) သတ္တမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြွက်ကြားခဲ့သည်။

အခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်ပြည်နယ်ဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ဘွဲ့ရမောင်မယ်များနှင့်လည်း အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်းသိရသည်။

ထွန်းထွန်းဦး(ဘားအံ)

အချိန်အခါမဲ့မိုးရွာသွန်းမှုကြောင့် အလောင်းတော်ကဿပ လမ်းပေါ်ရှိဘုရားဖူးများလမ်းချော်၍သွားမရဖြစ်နေ

မုံရွာ ဖေဖော်ဝါရီ ၁၉

အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ခြင်းကြောင့် အလောင်းတော်ကဿပသို့ သွားရောက်ကြသော ခရီးသွားများအနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းမှစ၍ လမ်းတစ်လျှောက် ရွှံ့များ အရည်ပျော်ကာ သွားလာ၍ မရဖြစ်နေသောကြောင့် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်မှ တာဝန်ရှိသူများ၊ ဒေသခံများ၊ ဂေါပကနှင့် အလောင်းတော်ကဿပရှိ ဈေးသည်များက မိမိတို့ တတ်စွမ်းသမျှ ထမင်းထုပ်နှင့် အစားအစာ၊ သောက်ရေတို့ကို ရနိုင်သမျှ သွားနိုင်သလောက်ထိ သွားပို့ပေးနေရကြောင်း ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ဒေသခံ တို့ထံမှ သိရသည်။

သပိတ်ဆေးစခန်း၊ ဂုံညှင်းပင်စခန်းစသည့်နေရာများတွင် ဘုရားဖူးအများအပြားလမ်းချော်၍ သွားမရဘဲ ပိတ်မိနေသလို ကပိုင်ကျေးရွာမှ ထမင်းထုပ်ဝေမည့် အလှူရှင်များ၊ ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်း အဖွဲ့များအနေဖြင့် တောင်ပေါ်တက်လမ်းကို မည်သို့ မည်ပုံ သွားလျှင်ရောက်နိုင်မည်ကို တိုင်ပင်ဆွေးနွေး၍ အမြန်ဆုံး ခရီးသည်များ လိုရာသို့ ရောက်ရန်နှင့် ပိတ်မိနေသည့်ကာလအတွင်း အစားအစာနှင့်ရေတို့အမြန်ဆုံးပို့ပေးနိုင်ရန် စီစဉ်လျက်ရှိသည်။

အလောင်းတော်ကဿပရင်ပြင်နှင့် တစ်မိုင်ခန့်အကွာရှိ ကားရပ်နားစခန်း၊ စားသောက်ဆိုင်များတွင်လည်း ရိက္ခာများပြတ်လပ်သည်အထိ ရောင်းခဲ့ရပြီး အဆိုပါစခန်းမှ ဘုရားရင်ပြင်ထိပို့ဆောင်ပေးနေသော ဆင်များဖြင့် သွားရောက် ကူညီနိုင်ရန် လမ်းပေါ်တွင် ဖြစ်ပေါ်နေသော ရွှံ့များ အခြေအနေကြောင့် ရာသီဥတုကို ကြည့်၍ ချိန်ဆနေရကြောင်း ဆင်ဦးစီး၏ ရှင်းပြချက်အရသိရသည်။

ယင်းမာပင်ခရိုင်တာဝန်ရှိသူများအနေဖြင့်လည်း မော်တော်ကားများကို နောက်မှ ထုတ်ရအောင် ထုတ်ယူမည်ဖြစ်ကာ ခရီးသွားဘုရားဖူးများကို အရင်ထုတ်၍ လိုရာသွားနိုင်ရေးကိုသာ ဦးစားပေးဆောင်ရွက်နေကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

မြန်အောင် မော်တော်ယာဉ်လုပ်ငန်းရှင်များစည်းဝေး

မြန်အောင် ဖေဖော်ဝါရီ ၁၉

မြန်အောင်မြို့နယ် မော်တော်ယာဉ်လုပ်ငန်းရှင်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီ၏ ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် ရရှိသည့်ဝင်ငွေထွက်ငွေစာရင်းအား ယာဉ်ပိုင်ရှင်များ၊ ဂိတ်ပိုင်ဂိတ်မှူးတာဝန်ခံများအား ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် အဆိုပါရုံး၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)



သူကောင်းတည်ကျေးရွာတွင် ကွမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိ

ညောင်ဦး ဖေဖော်ဝါရီ ၁၉

ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာရှိ တောင်သူများသည် တောင်ယာလုပ်ငန်းနှင့်တွဲဖက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးလျက်ရှိရာ စားသုံးသီးနှံများဖြစ်သည့် ငှက်ပျော၊ သံပရာ၊ သရက်၊ ခရမ်း၊ ဘူး စသည်တို့ကို သီးထပ်သီးညှပ်အဖြစ်စိုက်ပျိုးသည့်အပြင် ကွမ်းစိုက်ပျိုးခြင်းကို အဓိကထား၍ စိုက်ပျိုးကြရာ အောင်မြင်လျက်ရှိကြောင်း သိရသည်။

ထို့သို့ ကွမ်းစိုက်ပျိုးရာတွင် ကွမ်းခြံများပြုလုပ်ရပြီး ဇီဝမြေဩဇာအဖြစ် တမာရွက်၊ နွားချေးများကို ကျွန်းမှုရရှိသော မြေနုများနှင့်ရောစပ်ကာ ရေဖြင့် သုံးရက်ခန့်ကြာအောင် နှပ်ထားရကြောင်း၊ ကွမ်းခြံများကိုလည်း လုံလောက်သည့် အလင်းရောင်ရရှိအောင် ပြုပြင်ပေးရကြောင်း၊ စိုက်ပျိုးပြီးချိန်တွင်လည်း ရက်သတ္တပတ်တစ်ကြိမ် မြေဩဇာဖျန်းပေးခြင်းနှင့် ပေါင်းများရှင်းပေးပါက ပိုမိုအဖြစ်မြန်၍ စိုက်ပျိုးချိန် သုံးလခန့်နီးပါးအကြာတွင် ရောင်းတန်းဝင်ကွမ်းအဖြစ် ရောင်းချနိုင်ပြီဖြစ်ကြောင်းသိရသည်။

"ကျွန်တော်ကွမ်းခြံ နှစ်ခြံမှာ ကွမ်းပင်အရေအတွက်အားဖြင့် နှစ်ထောင်ခန့် စိုက်ပျိုးထားပြီး ကွမ်းခြံတစ်ခြံတွင် အပင်အရေအတွက် တစ်ထောင်ခန့်စီခွဲ၍ စိုက်ပျိုးထားပါတယ်။ ကွမ်းပင်အရေအတွက် ကွမ်းခြံကို ဆောင်းရာသီမှာ တစ်လလျှင် နှစ်ကြိမ်၊ နွေရာသီမှာ ရေသွင်းစိုက်ပျိုးရာ၌ ရွက်နုအထွက်နှုန်းကောင်းသဖြင့် သုံးကြိမ်ခန့်ခူး၍ ရောင်းရပါတယ်။ ကွမ်းခြံ တစ်ခြံမှာ ကွမ်းရွက်ပိဿာချိန်၄၀ မှ ၅၀ ထိ ထွက်ပါတယ်။ ယာကွမ်း တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ စားကွမ်းတစ်ပိဿာလျှင် ကျပ် ၄၀၀၀ နှုန်းဖြင့် ညောင်ဦးမြို့က ကွမ်းလုပ်ငန်းရှင်များနှင့် လက်လီဈေးသည်များက ခြံအရောက်လာဝယ်ကြပါတယ်။ ယခုအချိန်က ကွမ်းဈေးကောင်းတဲ့အချိန်ဖြစ်တာကြောင့် ရောင်းအားပိုကောင်းနေပါတယ်။ ဒီလိုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းကလည်း အပိုဝင်ငွေရ စီးပွားလည်းဖြစ်တာကြောင့် စိုက်ပျိုးသင့်ပါတယ်" ဟု ကွမ်းစိုက်တောင်သူတစ်ဦးက ပြောပြသည်။ တစ်ထောင်ခန့် စိုက်ပျိုးမယ်ဆိုရင် အရင်းအနှီးအားဖြင့် ကျပ်ဆယ့်နှစ်သိန်းကျော်ခန့် ကုန်ကျပါတယ်။

ရဲသူရအောင် (ညောင်ဦး)

ပူတာအိုမြို့၌ ကျေးရွာချင်းဆက်လမ်း၊ မြေသားလမ်းဖောက်

ပူတာအို ဖေဖော်ဝါရီ ၁၉

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၀၅၄ သန်းဖြင့် ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော မူလာရှီးဒီကျေးရွာအုပ်စုနှင့် ဇီးအွန်ကျေးရွာအုပ်စုတို့ ဆက်သွယ်မြေသားလမ်းအရှည် ၁မိုင် ၇ ဒသမ ၃ ဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၃ရက်က စတင်ဖောက်လုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် လုပ်ငန်းများအပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

မြောင်းချောင်းရေလွှဲဆည် ရေတံခါးနှင့် မြေကာနံရံများ ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်

ကလေး ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် စည်းဟောင်ငါးအုပ်စုကို ရေပေးဝေနေသော မြောင်းချောင်းရေလွှဲဆည်နှင့် ရေပေးမြောင်းသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက မိုးရေချိန်ခုနစ်လက်မကျော် ရွာသွန်းခဲ့သောကြောင့် ရေလွှဲဆည်ကျိုးပြတ်ခြင်း ရေသွင်းမြောင်းပေါင်ကျိုးခြင်းများဖြစ်ပေါ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် နိုင်ငံတော်မှ သီးသန့်ရန်ပုံငွေကျပ်သန်း ၂၁ ဒသမ ၈ သန်း အကုန်အကျခံ၍ ပြန်လည် တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

မြောင်းချောင်းရေလွှဲဆည်ပြီးစီးပါက လယ်ဧက ၂၆၄၄ ဧကကို နွေစပါး၊ မိုး စပါး ရေပေးဝေနိုင်မည့်အပြင် တိုးချဲ့ မြောင်းတူးဖော်ပြီးပါက ဧက ၇၀၀ ကျော် ရေရရှိနိုင်ပြီး စုစုပေါင်း ၃၃၄၂ ဧကကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါမြောင်းချောင်းရေလွှဲဆည်ကို ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး မြောင်းချောင်းကို သစ်ရိုတ် ကျောက်ဖြည့်ရေလွှဲဆည် တည်ဆောက်ခြင်း၊ ရေထိန်းတံခါးတည်ဆောက်ခြင်း၊ ရေလွှဲဆည်နှင့်ရေတံခါးအကြား မြေကာနံရံတည်ဆောက်ခြင်း မြောင်းထိပ်မှ ပေ ၅၀၀၀ကျော် အထိ မြောင်းပုံစံကျ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

လင်းလက်ကြယ်စင်

မန္တလေးဘူတာကြီး၌ ရထားခရီးစဉ်များအား LED ဘုတ်ဖြင့် ပြသ၍အသိပေး

မန္တလေး ဖေဖော်ဝါရီ ၁၉

မန္တလေးဘူတာကြီးတွင် ပြည်တွင်းပြည်ပရထားစီးခရီးသည် များပြားလာပြီး ခေတ်မီလေအေးပေးစက်တပ် ရထားတွဲဆိုင်းများဖြင့် ပြေးဆွဲခြင်း၊ ရထားများအချိန်မှန်စေရေး၊ သံလမ်းများ၊ ကွန်ကရစ်ဇလီဖားတုံးများ အသစ်လဲလှယ် တပ်ဆင်ခြင်းများအပြင် ဘူတာယာဒ်ဝန်းများ သန့်ရှင်းသပ်ရပ်စေရေးအတွက် ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မန္တလေးဘူတာကြီးတွင်လည်း ခရီးသွားများ ရထားဝင်ရောက်ချိန်၊ ထွက်ခွာချိန်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ခေတ်မီဒစ်ဂျစ်တယ် LED ဘုတ်ဖြင့် ပြသလျက်ရှိသည့် အပြင် လက်မှတ်ရောင်းကောင်တာများတွင်လည်း ခရီးစဉ်အလိုက် ရောင်းချမည့် ရထားလက်မှတ် အရေအတွက် လက်ကျန်ရထားလက်မှတ် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ပြသထားရာ ခရီးသွားပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

Cambridge University Native and Local Instructor
Cambridge University
GETC
Opening in February
Basic English
Communicative English
IELTS
General English New
Business English New
537895, 503775, 530097
www.getc-languageschool.com

SUPER ONE
(Air Con:)
09-420044265, 09-73012947, 01-580501

HTET OO MARITIME TRAINING INSTITUTE
Whole Package BST Pre-Sea
CDC / Passport
Coffee
BST (4 Tickets)
Coffee
Tanker Familiarization Course (T.F)
Coffee
(Oil, Chemical, Liquified Gas)
Pre-sea Course (Deck, Engine) - (Onboard Excursion)
Deck Officer Class - 5 (NCV)
Ph: 09 250278274, 01-544456
Ph: 09 421154222

စိတ်ဖိစီးမှုရှိနေပြီဖြစ်ကြောင်း ဖော်ပြတဲ့လက္ခဏာ (၅)ရပ်

wifkufkufZmf

သူသူကိုယ်ကိုယ် လူသားအားလုံးတိုင်း အနည်းအများဆိုသလို စိတ်ဖိစီးမှုကိုယ်စီ ရှိတတ်ကြပါတယ်။ လေ့လာဆန်းစစ်ချက်များအရ ကိုယ်ဝန်ဆောင်မိခင်၏ စိတ်ခံစားမှုပေါ် မူတည်၍ အမိဝမ်းတွင်း သန္ဓေတည်စဉ် သန္ဓေသားဘဝမှာကတည်းကပင် စိတ်ဖိစီးမှုခံစားဖူးကြောင်း မှတ်တမ်းများမှာ ဖော်ပြထားပါတယ်။ နောက်ဆုံးလေ့လာဆန်းစစ်မှုများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၄၂ နိုင်ငံရှိ အမျိုးသမီးဦးရေ ၁၅၀၀၀၀ ထက်မနည်း အကြောင်းအမျိုးမျိုးကြောင့် စိတ်ဖိစီးမှုတွေခံစားနေကြရပြီး ၎င်းအမျိုးသမီးများဟာ ကိုယ်လက်လှုပ်ရှားအားကစား ကျန်းမာရေးအသိလည်း လွန်စွာညံ့ဖျင်းကြတယ်လို့ Northwestern University Feinberg School of Medicine မှ ပရော်ဖက်ဆာ Nancy Molitor က ဆိုပါတယ်။

အိပ်ရေးဝဝအိပ်စက်ခြင်း၊ ကျန်းမာရေးနှင့်အညီ စားသောက်နေထိုင်ခြင်း၊ ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်း၊ အရာရာကို အကောင်းမြင်စိတ်ဖြင့် ကြည့်ရှုခြင်း၊ မိမိစိတ်ကိုထိန်းချုပ်နိုင်ခြင်း၊ တရားမှတ်ခြင်း၊ ယောဂကျင့်ခြင်း၊ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ခြင်းတို့ဖြင့် စိတ်ဖိစီးမှုကို အထိုက်အလျောက် ဖြေလျှော့နိုင်ပါတယ်။ အကယ်၍ စိတ်ဖိစီးမှုတွေ လျှော့မချနိုင်ခဲ့ရင်တော့ ရေရှည်မှာ အဝလွန်ရောဂါ၊ စိတ်ရောဂါနှင့် နှလုံးရောဂါတွေဖြစ်လာဖို့ ရာခိုင်နှုန်းပြည့် သေချာနေပါပြီ။(တချို့ဆို မိမိကိုယ်ကိုအဆုံးစီရင်တဲ့အထိ ပြုကြပါတယ်) တစ်ခါတစ်ရံမှာ မိမိကိုယ်ကိုတောင် စိတ်ဖိစီးခံစားနေရကြောင်း သတိမထားမိကြပါဘူး။ အောက်ဖော်ပြပါ လက္ခဏာများက စိတ်ဖိစီးခြင်းနှင့် ဆက်စပ်နေတာကြောင့် ရောဂါမပြင်းထန်ခင် ကြိုတင်ဆင်ခြင်နိုင်ကြပါစေကြောင်း အကြံပြုလိုက်ရပါတယ်။

(ဗိုက်အောင့်ခြင်း)

ဦးနှောက်အာရုံခံအင်္ဂါအဖွဲ့ အစည်းတွေက အူသိမ်အူမတွေနှင့် ဆက်နွယ်နေတာမို့ စိတ်ဖိစီးမှုဖြစ်တဲ့အခါ အစာချေလမ်းကြောင်းကို ကမောက်ကမဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် စိတ်ဖိစီးမှုများတဲ့သူတွေမှာ အစာမကြေ၊ ဝမ်းချုပ်၊ ပျို့အန်၊ ဗိုက်အောင့်ခြင်းတွေ ဖြစ်တတ်ပါတယ်။ အဲဒီလိုဝေဒနာခံစားရတဲ့အခါမှာ ရေများများသောက်ပြီး၊ အမျှင်ဓာတ်များတဲ့ အစားအစာတွေကို စားပေးသင့်ပါတယ်။ (အချို့သူတွေမှာတော့ စိတ်ဖိစီးမှုများတဲ့အခါ ဝမ်းသွားတတ်ပါတယ်) - ဗိုက်အောင့်တယ်လို့ လာပြတဲ့ လူနာအများစုကို စစ်ဆေးကြည့်တဲ့အခါ စိတ်ပိုင်းဆိုင်ရာ ပြဿနာရှိသူတွေ အဖြစ်များကြကြောင်း Baylor College of Medicine ဆေးဝါးတက္ကသိုလ်မှ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ပါရဂူဖြစ်သူ Bincy Abraham က ဆိုပါတယ်။

(ဆံပင်ကျွတ်ခြင်း)

ဥပမာ ရုတ်တရက် အလုပ်လက်မဲ့ဖြစ်သွားသူများ၊ ချစ်သူ(သို့မဟုတ်) အိမ်ထောင်ဖက်နှင့် လမ်းခွဲသူများမှာ စိတ်ဖိစီးမှုဝေဒနာ ပြင်းပြစွာခံစားရလေ့ရှိတာကြောင့် ထိုကိစ္စကြုံတွေ့ပြီး သုံးလမှ ခြောက်လထိတိုင်အောင် ဆံပင်တွေ သိသိသာသာကျွတ်တတ်ပါတယ်။ တချို့ဆို စိတ်ဖိစီးမှုဒဏ်ကြောင့် တစ်နေ့လျှင် အပင် ၁၀၀ လောက်ထိ ဆံပင်ကျွတ်ထွက်ကုန်ပါတယ်။ အကယ်၍ စိတ်ဖိစီးမှုများနေစဉ် androgens (ခေါ်) အမြင့်မားဆုံး လိင်စိတ်နိုးကြွဆေးဝါးကို သောက်မိတဲ့အခါမှာ ဆံပင်တွေ အထွေးလိုက်ကျွတ် ထွက်နိုင်ကြောင်း၊ အဲဒီလို ဆံပင်တွေကျွတ်ထွက်ခြင်းအတွက် ဖြည့်စွက်စာအဖြစ် ဗီတာမင်ဓာတ်ပြည့်ဝတဲ့ အစားအစာတွေ စားပေးသင့်ကြောင်း ကယ်လီဖိုးနီးယားရှိ Santa Barbara ဆေးရုံမှ အရေပြားပါရဂူတစ်ဦးဖြစ် Roberta Sengelmann က ဆိုပါတယ်။

(မျက်ခွံ တဆတ်ဆတ်လှုပ်ခြင်း)

မိနစ်အတော်များများကြာအောင် မျက်ကြောဆွဲပြီး မျက်ခွံတွေလှုပ်နေခြင်းက စိတ်ဖိစီးတဲ့အခါ အများဆုံးဖြစ်လေ့ရှိကြောင်း၊ တချို့သူတွေမှာ မျက်ခမ်းပတ်ပတ်လည် လှုပ်တတ်ကြောင်း၊ မျက်စိခြောက်သွေ့ရောဂါရှိသူတွေမှာလည်း မျက်ကြောဆွဲတတ်တာကြောင့် မျက်ရည်တုမျက်စဉ်းခတ်ပေးခြင်းဖြင့် သက်သာသွားကြောင်း၊ the American Academy of Ophthalmology (ခေါ်) အမေရိကန်မျက်စိဆေးရုံမှ ပါရဂူဖြစ်သူ Anne Sumers က ဆိုပါတယ်။ အဲဒီလိုဖြစ်တဲ့အခါ မျက်လုံးလေးမှိတ်ပြီး ခေတ္တအနားယူရင်း လေးစက္ကန့်လောက် လေပြင်းပြင်းရှူသွင်းပါ။ ထိုရှူသွင်းလာတဲ့လေကို ခုနစ်စက္ကန့်လောက် ထိန်းထားပါ။ ပြီးတော့မှ ရှစ်စက္ကန့်လောက် အသက်ပြင်းပြင်းရှူထုတ်ပစ်လိုက်ပါ။ အဲဒီလို လေရှူသွင်း-အောင့်ထား-လေရှူထုတ်ခြင်းကို လေးကြိမ်လောက်ပြုလုပ်ရင်း လှုပ်နေတဲ့မျက်ခွံပေါ်မှာ လက်ညိုးလေးကို ခပ်သာသာဖိတင်ထားပါ။

(ဝက်ခြံဖုများထွက်လာခြင်း)

ဆံပင်တွေလိုပဲ၊ အရေပြားတွေကလည်း စိတ်ဖိစီးမှုဒဏ်ကို ခံနိုင်ရည်မရှိကြပါဘူးတဲ့။အအိပ်၊ အစားနှင့် ရာသီဥတု ရုတ်တရက် ပြောင်းလဲမှုကြောင့်သော်လည်းကောင်း၊ သန္ဓေတားဆေးမှီဝဲစားသုံးရခြင်းကြောင့်လည်းကောင်း တစ်ခါတလေ ဝက်ခြံပေါက်ခြင်းက ဖြစ်လေ့ဖြစ်ထ သဘာဝမို့ ပြဿနာမဟုတ်သော်လည်း ခဏခဏဆိုသလို အဖုအပိမ့်နှင့် ဝက်ခြံတွေထွက်လာရင်တော့ အရေပြားမှာ နာတာရှည်ပြဿနာဖြစ်လာနိုင်ကြောင်း အရေပြားရောဂါအထူးကု Sengelmann က ဆိုပါတယ်။ ဒါကြောင့် စိတ်ဖိစီးမှုတွေ အတတ်နိုင်ဆုံးလျှော့ချပြီး နေ့စဉ်သုံးနေကျ မိတ်ကပ်-လိုးရှင်း-moisturizers (ခေါ်)အသားအရေစိုပြည်ဆေးများ၊ နေလောင်ခံ လိမ်းဆေးများနှင့် noncomedogenic(ခေါ်)ချွေးပေါက်ဖွင့်လိမ်းဆေးတွေက မိမိနှင့်ဓာတ်တဲ့မှု ရှိ-မရှိ(သို့မဟုတ်) ရက်စွဲလွန်မဖြစ်ဖို့ ပြန်လည်ဆန်းစစ်ကြည့်ဖို့ လိုပါတယ်။ (တချို့ဆိုရင် စိတ်ဖိစီးမှုရဲ့ အကျိုးဆက်ကြောင့် သွေးလွန်တုပ်ကွေးဆန်ဆန် မိတ်၊ အင်ပြင်တို့လို အရေပြားပေါ် အဖုအပိမ့် အနီကွက်ထလာတတ်ပါတယ်)

(အကြောတက်ခြင်း)

စိတ်ဖိစီးလာတဲ့အခါမျိုးမှာ ဟော်မုန်းတွေ ထွက်ရှိမှုပမာဏများပြားလာပြီး နှလုံးနှင့် သွေးခုန်နှုန်းတွေမြန်ဆန်လာတဲ့အတွက်ကြောင့် ခန္ဓာကိုယ်ကြွက်သားတွေမှာ တုပ်နှောင်ထားသလို တင်းမာလာပါတော့တယ်။ ကိုယ်လက်လှုပ်ရှားမှုမရှိသူများနှင့် ထိုင်ခုံပေါ်မှာ အချိန်တော်တော်ကြာ ကုန်းကွေးထိုင်၍ အလုပ်လုပ်ရသူတွေမှာ နောက်ကျောတက်၊ ခါးနာ၊ ကြွက်တက်ခြင်းတွေ ဖြစ်တတ်တာကြောင့် ထိုင်ခုံပေါ်မတ်မတ်ထိုင်၍ လက် နှစ်ဖက်ကို ခေါင်းပေါ်တင်ခြင်း၊ ခြေဆန့်ထိုင်၍ ခြေမတွေကို လက်ဖျားဖြင့်ထိကိုင်ခြင်း၊ လည်ပင်းကို ဘယ်-ညာ-အပေါ်-အောက် လှည့်ပေးခြင်း၊ လက်မောင်းတွေကို ရှေ့တည့်တည့်သို့ ဆန့်တန်းပြီး ပခုံးနှစ်ဖက်ကို ဟန်ချက်ညီညီ စက်ဝိုင်းသဏ္ဍာန်လှည့်ခြင်း စသဖြင့် တစ်နေ့ နှစ်ကြိမ်လောက်လုပ်ပေးရင်း စိတ်ဖိစီးမှုကြောင့်ဖြစ်လာတဲ့ အကြောတက်ခြင်းကို ပြေပျောက်စေနိုင်တယ်လို့ Harvard' Spaulding Rehabilitation Hospital မှ ဒေါက်တာ Joanne Borg-Stein က အကြံပြုထားပါတယ်။

သတင်းတိုများ

တရုတ်–မြန်မာ ပိုက်လိုင်းစီမံကိန်းမှ ထနောင်းပင်လဲရွာ လျှပ်စစ်မီးလင်းပြီ

နွားထိုးကြီး ဖေဖော်ဝါရီ ၁၉

တရုတ်-မြန်မာ ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၏ ဒေသဖွံ့ဖြိုးရေးအစီအစဉ်ကို ပထမဦးဆုံးခံစားခွင့်ရရှိသော နွားထိုးကြီးမြို့နယ် ထနောင်းပင်လဲကျေးရွာ လျှပ်စစ်မီး ၂၄ နာရီရရှိရေးတွင် ပထမအဆင့်အနေဖြင့် လမ်းမီးများ လင်းနိုင်ပြီဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဟိန်းထက်ဇော်က ပြောသည်။

တရုတ်-မြန်မာဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ပိုက်လိုင်းဖြတ်သန်းရာတွင် ထနောင်းပင်လဲရွာ ကျေးရွာအများသုံးရေကန်မှာ ပိုက်လိုင်းဖြတ်သန်းခံရ၍ နစ်နာမှုအတွက် စီမံကိန်းက ကျေးရွာဆန္ဒအရ လျှပ်စစ်မီးလိုင်းဆွဲ၍ ကျေးရွာကို မီးလင်းရန် ဆောင်ရွက်ခြင်းဖြစ်သည်။

အောင်ကောင်းကျော် ကုမ္ပဏီအစီအစဉ်နှင့် နွားထိုးကြီးနှင့် ထနောင်းပင်လဲရွာ နှစ် မိုင်ကို ၁၁ ကေဗွီဓာတ်အားလိုင်းဆွဲ၍ ၃၁၅ ဓာတ်အားထိန်းအိုးဖြင့် တရုတ်-မြန်မာပိုက်လိုင်းစီမံကိန်းက အကုန်အကျခံကာ ယင်းကျေးရွာကို မီးလင်းပေးခြင်းဖြစ်သည်။

ယခုလမ်းမီးများလင်းပြီဖြစ်၍ မကြာမီ အိမ်သုံးမီတာဖြင့် ကျေးရွာတွင်း လျှပ်စစ်မီးလင်းပေးမည်ဟု မြို့နယ်အင်ဂျင်နီယာကပြောသည်။

(ငွေးမြင့်မောင်)

ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ထိုမာရေသွင်းမြောင်းကို စက်ယန္တရားကြီးများဖြင့် ပြုပြင်

ကလေး ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ထိုမာရေသွင်းမြောင်းသည် ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်းက ထူးကဲမိုးရေရွာသွန်းမှုကြောင့် မြောင်းအရှည် ၂၅၀ ပေခန့် ချောင်းရေတိုက်စားကာ ကျိုးပြတ်သွားခဲ့မှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အတိုင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏အနီးကပ်ကြီးကြပ်မှုဖြင့် လုပ်ငန်းများအမြန်ပြီးစီးရေး ဆောင်ရွက်လျက်ရှိရာ အဆိုပါမြောင်းကို စက်ယန္တရားကြီးများဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ထိုမာရေသွင်းမြောင်းသည် လယ်ဧက ၂၁၀ ကျော်အား နှစ်စဉ်နွေစပါး မိုးစပါးစိုက်ပျိုးရေပေးဝေလျက်ရှိသော ရေသွင်းမြောင်းဖြစ်ရာ မြောင်းကို ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ပေါင်ဖို့ခြင်းလုပ်ငန်းများအပြင် လယ်မြေဧက ၂၀၀ ကျော်ကိုရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် တာပေါင်တစ်ခုအဖြစ် စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချောင်းရေတိုက်စားမှုမှကာကွယ်ရန် ရေသွင်းမြောင်း၏ အပြင်ဘက်တွင် မျှောပိုင်ရိုက်ခြင်း၊ မျှောပိုင်များအား ချုပ်တန်းများထည့်ကာ ကျောက်ဖြည့်ခြင်း လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေသွင်းမြောင်းပြန်လည်ပြုပြင်နိုင်ရန်အတွက် နိုင်ငံတော် သီးသန့်ရန်ပုံငွေမှကျပ်သန်း ၁၀ ဒသမ ၆ သန်း အကုန်အကျခံ ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ညီညီဇော်

လူပျောက်



အမေ အမြန်ပြန်လာပါ။ ပုံ-ဒေါ်သိန်းသိန်းအေးအား တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၁၀၀၂၄၄၁၊ ၀၉-၄၃၁၅၉၉၃၁

ခရမ်း၊ သုံးခွ ပဲတီစိမ်းဈေးကွက် ယခင်နှစ်ကထက် ဈေးနှုန်းမြင့်တက်လာသဖြင့် ဈေးကွက်သွက်လက်လှုပ်ရှားနေ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန် တောင်ပိုင်းခရိုင်အတွင်းရှိ ပဲတီစိမ်းထွက်ရှိရာဒေသများဖြစ်သည့် ခရမ်းမြို့နယ် ဇီးဖြူပင်၊ ရွှေညောင်ပင်၊ ထုံးအိုင်၊ ထရံကန်၊ ပုဂံတောင်ကျေးရွာများနှင့် သုံးခွမြို့နယ် ဇလက်ထော်၊ ပတုတ်၊ လက်ပန်ကျိုးစသည့် ကျေးရွာများနှင့် ပတ်ဝန်းကျင်ဒေသများတွင် ပဲတီစိမ်းများ စတင်ထွက်ရှိနေပြီး ဈေးနှုန်းမှာလည်း ယခင်နှစ်ကထက် ငွေကျပ်တစ်သောင်းကျော် မြင့်တက်နေသဖြင့် ဈေးကွက်သွက်လက်လှုပ်ရှားကာ ပဲစိုက်တောင်သူများနှင့် ပဲကုန်သည်များ တွက်ခြေကိုက်အဆင်ပြေနေကြောင်း ပုဂံတောင်ကျေးရွာနေ ပဲစိုက်တောင်သူဦးမြလှိုင်ထံမှ သိရသည်။ အဆိုပါဒေသဈေးကွက်များတွင် ယခင်နှစ်ကရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးချိန်နောက်ကျ၊ ထွက်ရှိချိန်နောက်ကျသည့်အပြင် တစ်တင်းကို ငွေကျပ်နှစ်သောင်းခွဲခန့်သာ ဈေးနှုန်းရရှိခဲ့ကြသဖြင့် တွက်ခြေမကိုက်ဖြစ်ခဲ့ကြရသည်။ ယခုနှစ်ပဲရာသီတွင်မူ ပုံမှန်ထွက်ရှိလာသည့်အပြင် အထွက်နှုန်းမှာလည်း ကျေနပ်လောက်သည့်အနေအထားတွင်ရှိနေပြီး ဈေးကွက်တာထွက်ချိန်မှာပင် တစ်တင်းကိုငွေကျပ် သုံးသောင်းခွဲဈေးဖြင့် ကုန်သည်များကဝယ်ယူနေကြသည်။ ပဲလှိုင်လှိုင်ထွက်ရှိလာချိန်တွင် ဈေးနှုန်းပြောင်းလဲသွားနိုင်သော်လည်း တရုတ်နှစ်သစ်ကူးပွဲတော်အပြီး တရုတ်ဝယ်လက်အဝယ်သွက်လာမည်ဖြစ်သဖြင့် စိုးရိမ်စရာမရှိကြောင်း၊ ထို့ကြောင့် ပဲစိုက်တောင်သူများအနေနှင့် တွက်ခြေကိုက်အဆင် ပြေနိုင်မည်ဖြစ်ကြောင်း ဦးမြလှိုင်ကရှင်းပြသည်။ လက်ရှိတွင် အဆိုပါဒေသများ၌ ခရမ်း၊ သုံးခွနှင့်ရန်ကုန်ဈေးကွက်များမှ ပဲကုန်သည်များမှာ တစ်ရွာဝင် တစ်ရွာထွက်သွားလာဝယ်ယူနေကြသည်။အချို့သောပဲစိုက်တောင်သူများကလည်း မြို့ဈေးကွက်များသို့လည်းကောင်း၊ မိမိတို့နှင့်အဆက်အသွယ်ရှိသည့် ဈေးကွက်များသို့လည်းကောင်း ဆက်သွယ်ရောင်းချနေကြသဖြင့် ဈေးကွက်သွက်လက်လှုပ်ရှားကာ တွက်ခြေကိုက်အဆင်ပြေနေကြောင်းသိရသည်။

မင်းသစ္စာလှိုင်(ကဒုံကနီ)

ညောင်ဦးမြို့နယ် အတွင်းရှိ အုတ်လုပ်ငန်းရှင်နှင့်အုတ်လုပ်သားများ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် အုတ်များပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်နိုင်

ညောင်ဦး ဖေဖော်ဝါရီ ၁၉

ညောင်ဦးမြို့နယ်တွင် ဖေဖော်ဝါရီလ ၁၇ရက် နေ့လည် ၁နာရီမှစ၍ မိုးများတစ်ဖွဲဖွဲ ရွာသွန်းခဲ့သည်။ ထိုစဉ် ကျေးလက်တောရွာများတွင် တောင်သူလုပ်ငန်းခွင် သိမ်းပြီးချိန် ဖြစ်သည်။ ထိုသို့ ရိတ်သိမ်းပြီးချိန်တွင် တောင်သူလုပ်သားများသည် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရန် အုတ်လုပ်ငန်းခွင် ဝင်ကြသည်။ တောင်သူဝင်ငွေနှင့် မိသားစုစားဝတ်နေရေးစရိတ် မလောက်သည့်အတွက် အုတ်လုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ကြရသည်။ အချို့ဆိုလျှင် တစ်မိသားစုလုံး အုတ်လုပ်ကိုင်ကြရသည်။ သို့ပြုလုပ်စဉ် မထင်မှတ်ဘဲ မိုးရွာသွန်းမှုကို မိုးမရွာသေးဟု လျှော့တွက်ကြသည့်အတွက် လှမ်းထားသော အုတ်စိမ်းများနှင့် ခြောက်ပြီးသားအုတ်များ မိုးမိကြသည်။ အချို့လဲ အုပ်ချိန်ဆိုင်းချိန်မှီလိုက်သည်။ အုတ်လှမ်းထားစဉ် မိုးမိသည့်အတွက် အုတ်အရည်အသွေးမမှီတော့ပါ။ “ဒီမိုးက မထင်မှတ်ဘဲ ရွာချလိုက်တာဗျ။ မနေ့ကတစ်နေကုန် ပူလိုက်တာ ညမှာလဲ အအေးပေါ့ပြီး အိုက်တောင်အိုက်လိုက်သေးတယ်။ မနက်လင်းတော့ မိုးသားတွေတက်ပြီး မိုးအုံ့လာတာပဲ နေလည်ပိုင်းလည်း ရောက်ရော မိုးသဲလာတော့တာပဲ ကျွန်တော်တို့လဲ ဘာမှလုပ်ချိန်မရလိုက်တော့ဘူး ဒီလိုတပို့တွဲလပြည့်ကျော် ဖေဖော်ဝါရီလထဲမှာ ရွာတဲ့မိုးမတွေ့ဖူးပါဘူး”ဟု အုတ်လုပ်ငန်းလုပ်ကိုင်နေကြဖြစ်သူ ဦးသောင်းဌေးထံမှ သိရသည်။

ယခုရက်ပိုင်းတွင် အုတ်ဈေးက တစ်ချပ်လျှင် အထိုင်ဈေး ခြောက်ဆယ်နှုန်းရောင်းရသည်။ အုတ်လုပ်သားများက အုတ်လုပ်ခ တစ်သောင်းလျှင် တစ်သိန်းခုနှစ်သောင်းကျပ် ဈေးနှုန်းပေးရသည်။ လောင်စာဖြစ်သော ကျောက်မီးသွေး၊ ဇီးခွဲခြမ်း၊ ပဲခွံ၊ အုတ်မီးထိုး စရိတ်စုစုပေါင်း အုတ်တစ်သောင်းလျှင် ငါးသိန်းနှုန်းခန့် ရှိသည်။ မိုးမမိလျှင် အုတ်တစ်သောင်းလျှင် တစ်သိန်းနှုန်း ကျန်နိုင်သည်။ ဈေးကောင်းလဲရနိုင်သည်။ အုတ်က မိုးမိလျှင်ဝယ်သူက အကြိုက်နည်းသည်။ ယခုရက်ပိုင်းအတွင်းတွင် အုတ်ဝယ်သူကလည်းများလာ မိုးကလည်းရွာနေသည့်အတွက် အုတ်လုပ်ငန်းရှင်များ အနှောင့်အယှက် ဖြစ်နိုင်သည်။

တောင်သူများအတွက်လဲ လုပ်ငန်းခွင်နားခိုက် မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ရသည်မှာ အနှောင့်အယှက်ဖြစ်နိုင်သည်။ မိုးမရွာလျှင် တစ်နေ့နေ့စားခ လေးထောင်ကျော်၊ ငါးထောင်အထိ ဝင်ငွေရသည်ဟု အုတ်လုပ်ငန်းရှင်နှင့် အုတ်လုပ်သားများထံမှ သိရသည်။ သို့အတွက်ကြောင့် မိုးရွာသွန်းမှုဖြစ်ပြီး လုပ်ငန်းရပ်နား၍ နေ့တွက်မကိုက်ဖြစ်မှာကိုပင် စိုးရိမ်နေကြသည်။ လုပ်ပြီးသော အုတ်ချပ်များ ပျက်စီးဆုံးရှုံးမှာကိုလည်း စိုးရိမ်နေကြသည်။ အချို့ကတော့ ဆုံးရှုံးမှု မရှိစေရန် မြို့ကိုသွား၍ မိုးကာများ အလျင်အမြန်ဝယ်ယူ၍ အုပ်မိုးထားရကြောင်း သိရသည်။

ကျော်ဌေး(ညောင်ဦး)

နွေရာသီ နိုင်ငံခြားခရီးသွားများ

နွားထိုးကြီး ဖေဖော်ဝါရီ ၁၉

မန္တလေး-ပုဂံကားလမ်း နွားထိုးကြီးတွင် နွေဦးပေါက်နိုင်ငံခြားသားများ ဖြတ်သန်းသွားလာမှုမှာ ယခင်ကထက် များပြားနေကြောင်းသိရသည်။ အမြန်ကားနှင့်သွားကြသလို ပုဂံအမြန်ရထားနှင့်လဲ စီးနင်းကြသည်။ စက်ဘီးဖြင့်လည်း အုပ်စုဖွဲ့၍ လည်းကောင်း၊ တစ်ကိုယ်တော်စီးနင်း၍လည်းကောင်း၊ မိသားစုလိုက်လည်းကောင်း၊ ပုဂံ-မန္တလေး အစုန်အဆန်သွားလာနေကြသည်။ ဖေဖော်ဝါရီ ၁၄ ရက်က မန္တလေးမှ မြင်းခြံ-ပုဂံညောင်ဦးသို့ နိုင်ငံစုံမှ လေ့လာသူ ၁၅ ယောက်ခန့် အဖွဲ့လိုက် စက်ဘီးစီး၍ ခရီးသွားကြသည့်နည်းတူ ပုဂံမှမန္တလေးသို့ ဘယ်လ်ဂျီယံသားနှင့် မလေးရှားနိုင်ငံသားနှစ်ယောက်တွဲ၍ စက်ဘီးဖြင့်သွားစဉ် အညာဒေသ၏ ဘုန်းကြီး၊ ရဟန်း၊ ရှင်လောင်းလှည့်ပွဲ၊ ရိုးရာအစားအသောက်ဆိုင်များ၊ မြန်မာကလေးငယ်များ၊ မြို့ရွာ၏သဘာဝ အခြေအနေများကို ဓာတ်ပုံ၊ ဗီဒီယိုရိုက်သွားကြကြောင်း တွေ့ရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်သူလူထုအသိပညာ ဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့နှင့်ပူးပေါင်း၍ “ဘဝအလင်းရောင်”စာကြည့်တိုက်၌ ဖေဖော်ဝါရီ ၁၇ ရက်တွင် ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။ သုတ၊ ရသစာအုပ်များကိုရပ်ကွက်သူ၊ရပ်ကွက်သားများ အခမဲ့ငှားရမ်း ဖတ်ရှုနိုင်အောင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ စာကြည့်တိုက်မှ စာအုပ်များကို ရွှေ့လျားစနစ်ဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်ဆောင် ရွက်ပေးခဲ့ရာ မြို့နယ်ဦးစီးမှူးဒေါ်စန္ဒာမိုးက စာကြည့်တိုက်ကော်မတီဝင်များ ကိုဘဝအလင်းရောင် စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် စာဖတ်သူတိုးပွားရေး လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့သည်။ **ရွှေတိုင်လွင်**

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈/အေ၊ မြေကွက်အမှတ်-၃၄မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၁။ဦးမြင့်အောင် [၁၂/စခန(နိုင်)၀၃၇၄၅၆]၊ ၂။ဦးထိန်ဝင်း[၁၂/စခန(နိုင်)၀၃၆၁၁၄]၊ ၃။ဒေါ်ရွှေမိ[၁၂/စခန(နိုင်)၀၃၆၁၀၃](၃)ဦး အမည်ပေါက်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ ဦးမြင့်အောင် ပိုင်ဆိုင်သည့်စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈/အေ၊ မြေကွက်အမှတ်-၃၄၏ လမ်းမဘက်မှကြည့်လျှင်(ဘယ်ဘက်) ထက်ဝက်တိတိခန့်၊ ခန့်မှန်းခြေ(၁၄ပေ×၅၀ပေ)အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၅၊ ဟံသာဝတီလမ်း၊ စမ်းချောင်းမြို့နယ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူဦးမြင့်အောင်[၁၂/စခန(နိုင်) ၀၃၇၄၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၁၆-၂-၂၀၁၄ရက်စွဲဖြင့် နှစ်ဦးသဘောတူ အရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် စာချုပ်ချုပ်ဆို၍စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းနိုင် (စဉ်-၇၈၄၈) ဒေါ်စန္ဒာအေး (စဉ်-၁၉၇၆၉) ဒေါ်ကြည်ကြည်ထွေး (စဉ်-၃၀၃၂၀)

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

အမှတ်-၁၂၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခလမ်း၊ တိုက်အမှတ်(၁) အခန်းအမှတ်(၆/B)ဆဌမထပ်ဟုခေါ်တွင်သော နေအိမ်တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ပါလိပ်စာတွင်တည်ရှိသည့် ဖော်ပြပါ နေအိမ်တိုက်ခန်းကိုဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဇေယျာဖြိုး[၁၂/သခန(နိုင်)၀၉၇၉၂၁]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော် လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းထွန်းသာ (စဉ်-၉၉၀၅)၊ ရှေ့နေနှင့်စာချုပ်စာတမ်းဥပဒေအကြံပေး

ဖုန်း-၀၉-၇၃၁၂၄၀၇၄၊ ၀၉-၂၅၄၀၀၅၀၈၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ လူနေရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၆၇၅၊ မြေအကျယ်ပေ(၄၀×၆၀)နှင့် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊လူနေရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၆၇၆၊ မြေအကျယ်ပေ(၄၀×၆၀) ၎င်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလအမည်ပေါက်ထံမှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားသူမစုစန္ဒာထွန်း[၁၂/ကမတ(နိုင်) ၀၇၀၉၃၅]မှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ် ဦးနိုင်ထွန်း[၁၂/ရကန(နိုင်)၀၄၈၈၅၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်များနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးနိုင်ထွန်း[၁၂/ရကန(နိုင်)၀၄၈၈၅၅]

၆၇(B)၊ ချယ်ရီ(၄)လမ်း၊ ၁၄/၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ဥပဒေအရာရှိ(အငြိမ်းစား)များအားဖိတ်မန္တကပြုခြင်း

ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဥပဒေအရာရှိ(အငြိမ်းစား)များ ပြန်လည်တွေ့ဆုံ၍ နံနက်စာသုံးဆောင်ကြရန် ၁-၃-၂၀၁၄ရက်(စနေနေ့)နံနက် ၉နာရီတွင် ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ “တော်ဝင်နှင်းဆီ” စားသောက်ဆိုင်သို့ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးဟန်ထူး-ဥပဒေအရာရှိ(အငြိမ်းစား)

ဖုန်း-၀၉-၅၁၀၆၇၀၃



M.B.,B.S., M.R.C.P. (U.K)
M.R.C.P. (Geriatric Medicine) U.K.
F.R.C.P. (Edinburgh)
Consultant Stroke Physician

နှင့်

Wendy Sein

Bachelor of Business Administration,
University of the Thai Chamber of Commerce (Bangkok)
Master of Business, Australian National University (Canberra)

မြေးလေးပိစ်(PETE)(ခ)မင်းဇင်ဟိန်းမွေးနေ့ဆုတောင်း

ယနေ့ ၂၀-၂-၂၀၁၄ ရက် မြေးဦးလေးဖြစ်သည့် **ပိစ်(PETE) မင်းဇင်ဟိန်း** မွေးနေ့မှာ ကျန်းမာပါစေ၊ ချမ်းသာပါစေ သက်ရာကျော်ရှည်ပါစေ၊ ပညာရည်ထူးချွန်ပါစေ၊ ရဲရင့်တည်ကြည်သောမြေးဖြစ်ပါစေ အမြဲချစ်ခင်သတိရလျက်-

ချစ်ဘိုးဘိုး ဖုန်း-၀၉-၂၅၄၀၀၈၄၁၄
ချစ်ဘွားဘွား ဖုန်း-၀၉-၂၅၄၁၁၁၀၂၅

ငွေရတုမင်္ဂလာဆုတောင်း

ဦးလှဌေး(81 EP ပြည်)နှင့် **ဒေါ်ရင်ရင်ကြူ** (Teacher English)တို့၏ (၂၅)နှစ်ပြည့်ငွေရတုမှသည် ရာပြည့်မင်္ဂလာအထိ ပျော်ရွှင်ငြိမ်းချမ်းသာယာလှပပါစေသတည်း၊ လူမှုကူညီရေးလုပ်ငန်းများ ယခင်ထက် ပိုမိုဆောင်ရွက်နိုင်ပါစေသတည်း။

ဦးချစ်ထွန်း(81 EP)-ဒေါ်ယဉ်မေသိန်း(81Civil)
ဦးဝေလွင်(81 EP)-ဒေါ်ဝင်းဝင်းမြင့်နှင့်
(81 ကျောင်းဆင်းသူငယ်ချင်းများ)

အိတ်ဖွင့်တင်ဒါကြော်ငြာချက်

၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွက် ဒဂုံတက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်းများ၊ ဓာတ်ပုံဆိုင်(ဒဂုံတက္ကသိုလ်ပရဝဏ်အတွင်းဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း)(ဘွဲ့နှင်းသဘင်ခန်းမတွင်းမပါ) စတိုးဆိုင်နှင့်မိတ္တူဆိုင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂိုလ်များသည် အိတ်ဖွင့်တင်ဒါတင်သွင်းပုံစံများကို တစ်စုံလျှင်(၁၀၀၀ိ/)ဖြင့် ငွေစာရင်းဌာနတွင် ငွေပေးသွင်းပြီး ငွေသွင်းချလန်ဖြင့် အင်ဂျင်နီယာဌာနတွင် လျှောက်လွှာပုံစံရယူ၍ တင်ဒါတင်သွင်းကြပါရန် ကြော်ငြာအပ်ပါသည်။

၁။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးတင်သွင်းရမည့်ရက် ၁၃-၃-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀ နာရီ လူကိုယ်တိုင်တစ်ပါတည်း တင်သွင်းရမည်။

၂။ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက် ၁၃-၃-၂၀၁၄ ရက် မွန်းလွဲ ၁၂း၃၀နာရီ

အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်၊ အင်ဂျင်နီယာဌာန ဖုန်းနံပါတ် ၅၈၅၀၁၀ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒဂုံတက္ကသိုလ်

ပါမောက္ခဦးခင်မောင်ဝင်း
၏
ကျန်းမာရေးဟောပြောပို့ချပွဲ

ပါမောက္ခဦးခင်မောင်ဝင်း(အသည်း)၏ အသည်းရောင်အသားဝါ နောက်ဆုံးပေါ် ကုသနည်း ဟောပြောပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်၍ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

ကျင်းပမည့်နေ့ - ၂၁-၂-၂၀၁၄ ရက်(သောကြာနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီ
ကျင်းပမည့်နေရာ - UMFCCI ခန်းမ
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်။

ဦးစန်းလွင်(တရားလွှတ်တော်ရှေ့နေ) ပြုစုသော (၁) "မြန်မာနိုင်ငံတွင် ထုတ်ပြန်ခဲ့သော လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ"စာအုပ်နှင့် (၂) "မြန်မာနိုင်ငံ ဥပဒေပေါင်းချုပ် အထွေထွေအညွှန်း (တတိယအကြိမ် တည်းဖြတ်ခြင်း) (၂၀၁၃)ခုနှစ်" စာအုပ်ထွက်ပြီ။

ရန်ကုန်မြို့တွင် စာပေဗိမာန်၊ အင်းဝ၊ ပန်းဆိုးတန်း ခရေဖူး၊ ရှုတိုင်းယဉ်၊ လှည်းတန်းစာအုပ်ဆိုင်များ၊ နေပြည်တော်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးစာအုပ်ဆိုင်၊ မြို့မဈေး၊ စည်ပင်ယူနီစန် စာအုပ်ဆိုင်များ၊ မန္တလေးတွင် တိုင်းဥပဒေရုံး စာအုပ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

Peace Myanmar Group Co., Ltd.

Bar Code Number

Peace Myanmar Group Co., Ltd. သည် Best Barcode Solution ၏ ဆောင်ရွက်ပေးမှုဖြင့် Belgium နိုင်ငံ၊ GS1 Global Office မှ Bar Code Number များ ... Company Prefix License Number 8834000003 ဖြင့် Bar Code Number 8834000003004 မှ 8834000003998 ... Bar Code Number များကို Peace Myanmar Group Co., Ltd. ၏ ...

Managing Director
Best Barcode Solution

ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

"ယခင်" မေခအိမ်ရာ၊ B.O.C မှတ်တိုင်အနီးရှိ "ကုံးထက်" ကြက်ဆီထမင်းနှင့် နှင်းပုလဲရေခဲမုန့်ဆိုင်ကို "ယခု" Junction ဇဝနနှင့် K.B.Z ဘဏ်အနီး၊ သုမင်္ဂလာလမ်း၊ အမှတ်(၂/၀၀၄)သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အလှူမင်္ဂလာ ပွဲနေ၊ ပွဲထိုင်များအတွက် စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

ဖုန်း-၀၉-၇၃၀၈၆၆၄၂၊ ၀၉-၅၀၃၈၂၁၀၊ ၀၉-၅၄၁၇၈၆၈

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးပြည်စိုး (B.Sc Zoo) (1975)

Second mate

(MD. Grand City Co.,Ltd.)

အသက်(၆၀)

ချစ်သူငယ်ချင်း မထိုက်ရဲ့ ချစ်လှစွာသောခင်ပွန်း ကိုပြည်စိုး ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ နှမြောတသ ဝမ်းနည်းရပါသည်။ အားလုံးအပေါ် နားလည်ပေးတတ်ပြီး သဘောထားကောင်းမွန်သော ကိုပြည်စိုး ကောင်းရာသုဂတိလားပါစေ---

အဆောင် (585) (1982 to 1987 Batch) မှ

ချစ်သူငယ်ချင်းများ

နွယ်နွယ်၊ ရွှေဝါ၊ ခင်လှလှ၊ မသိမ့်၊ ယဉ်ငွေး၊ စံပယ်၊ သိန်းသိန်းညွန့်၊

ချိုချို၊ လဲ့လဲ့၊ မလတ်၊ ဥမ္မာ၊ ပီးပီး၊ ထွေးထွေး၊ မိခိုင်၊ ဝင်းမင်းလတ်၊ ခင်သန်းဝင်း၊ သီတာဝင်း၊ စမ်းစမ်းနွဲ့၊ ဝိုင်းဝိုင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန္တာဦး(ကျောက်တော်)

အသက်(၉၁)နှစ်

ကိုအေးထွန်း(ဥက္ကဋ္ဌ၊ရခိုင်သင်္ဘောသားများလူမှုရေးအသင်း)၏မိခင် ဒေါ် စိန္တာဦးသည် ၁၃-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရခိုင်သင်္ဘောသားများလူမှုရေးအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထွေးဖြူ(လှိုင်ကော်)

အသက်(၆၆)နှစ်

မန္တလေးမြို့နေ ဦးဝင်းဖေ(ခရိုင်တရားသူကြီး-ငြိမ်း)(တရားလွှတ်တော်ရှေ့နေ) ၏ ဇနီး ဒေါ်ထွေးဖြူသည် ၁၄-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်မြင့်နှင့်မိသားစု
ဦးခင်ကျော်နှင့်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးပြည်စိုး အသက်(၆၀)

အစ်ကိုကြီးတစ်ယောက်သဖွယ် ချစ်ခင်လေးစားရပါသော ဦးပြည်စိုးသည် ၁၃-၂-၂၀၁၄ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မမထိုက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သုခမ္မသီဂီ ကြာညိုသွယ်မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထွေးဖြူ(လှိုင်ကော်)

အသက်(၆၆)နှစ်

အောင်ဆန်း(၇)တရားရေးအရာရှိ သင်တန်းဆင်း သူငယ်ချင်း ဦးဝင်းဖေ၏ ဇနီး ဒေါ်ထွေးဖြူသည် ၁၄-၂-၂၀၁၄(သောကြာနေ့)နံနက် ၈း၃၀နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

အောင်ဆန်း(၇)တရားရေးအရာရှိ
သင်တန်းဆင်း/သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညိုညို(ရွှေဘို)

အသက်(၈၂)နှစ်

ဦးမျိုးသန့်ခိုင်-ဒေါက်တာမိုးမိုးသိန်း(B.V.Sc)တို့၏ မိခင် ဒေါ်ညိုညိုသည် ၁၃-၂-၂၀၁၄ ရက် ည ၁၁း၅၅ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အတန်းဖော်သူငယ်ချင်းများ
(၁၉၈၃-၁၉၉၂ B.V.Sc ရေဆင်း)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးပြည်စိုး အသက်(၆၀)

MD (Grand City Co.,Ltd)

လေးစားချစ်ခင်ရပါသော အစ်ကိုကြီး ဦးပြည်စိုးသည် ၁၃-၂-၂၀၁၄ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုမိုးကြီး(တင်မိုးအောင်)နှင့်ဝန်ထမ်းများ
Super Search International Co.,Ltd

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထွေးဖြူ(လှိုင်ကော်)

အသက်(၆၆)နှစ်

မန္တလေးမြို့နေ ဦးဝင်းဖေ(ခရိုင်တရားသူကြီး-ငြိမ်း)(တရားလွှတ်တော်ရှေ့နေ) ၏ဇနီး ဒေါ်ထွေးဖြူသည်၁၄-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

B.A(Law),LL.B. 4th Batch
မှ သူငယ်ချင်းများအားလုံး

ကျေးဇူးတင်ရှိခြင်း

၁၂-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သော တပ်ကြပ်ကြီး စာရေး ဖြိုးအောင်လင်း(ခ)ကိုကြီး၏ နာမကျန်းဖြစ်စဉ်အတွင်း ဂရုတစိုက် ပြုစုကုသပေးခဲ့သော မန်ကပ်တပ်မတော်ဆေးရုံကြီးမှ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင် မိသားစုဝင်များ၊ ၁၄-၂-၂၀၁၄ရက်တွင် ပြုလုပ်ခဲ့သော ဈာပန အခမ်းအနားပြီးဆုံးသည်အထိ ကမကထပြု ဆောင်ရွက်ပေးခဲ့သော (တကက-၈)မှ ခေတ္တကျောင်းအုပ်ကြီး၊ နည်းပြအရာရှိချုပ်နှင့်တကွ အရာရှိ/အရာခံ၊ စစ်သည်၊ မိသားစုဝင်များနှင့် ရမည်းသင်းမြို့နှင့် အနယ်နယ် အရပ်ရပ်မှ နာရေးသတင်းမေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဦးပြည်စိုး

အသက်(၆၀)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ ညီ/မောင်၊ ဒေါ်ထိုက်ထိုက်ဖြိုး၏ ချစ်လှစွာသော ခင်ပွန်း ဦးပြည်စိုး အသက်(၆၀)သည် ၁၃-၂-၂၀၁၄ ရက် နံနက် ၀၀း၅၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ကြေကွဲရပါသည်။

ကိုညွှန့်ဝင်း-မမီးမီး

အထူးကြေကွဲဝမ်းနည်းခြင်း

ချန်ဟိုးတီး

ဥက္ကဋ္ဌဟောင်းချန်ညှာကျုံစိန့်တောင်အသင်း

အသက်(၉၂)နှစ်

ဦးအောင်ထိန်၊ ဦးအောင်ခင်(ကမ္ဘာကျော်ဆောက်လုပ်ရေး)တို့၏ ဖခင်ကြီး ချန်ဟိုးတီး (၉၂)နှစ်သည် ကနေဒါနိုင်ငံ တိုလွမ်တိုမြို့တွင် ကွယ်လွန်အနိစ္စရောက်ကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ချန်ညှာကျုံစိန့်တောင်အသင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်အေးကြည်(ဖျာပုံ)

အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ(ဦးမြလွင်-ဒေါ်တင်မြ)၊ ဦးခင်စိန် (စိုးစံတေးသံသွင်း)-(ဒေါ်ရီရီ)၊ (ဦးအောင်နိုင်-ဒေါ်ကျင်အေး)၊ ဦးအောင်ဝင်း-ဒေါ်ကျင်ထွေး တို့၏ချစ်လှစွာသော အစ်မကြီး၊ ဦးအောင်သူ (B.Sc, Maths)၊ ကိုသူရိန်ဦး-ဒေါ်ဆုမြတ်မွန် (Global Style Co.,Ltd.)၊ ဒေါ်အေးမြတ်မွန် (ပုံရိပ်သွင် ဓာတ်ပုံလုပ်ငန်း)၊ Dr. မေဖြူစင် (ရွှေရောင်ခြယ် Co., Ltd.)၊ ကိုအောင်သော် (ရွှေရောင်ခြယ် Co., Ltd.)၊ ကိုဉာဏ်လင်း(ရွှေရောင်ခြယ် Co., Ltd.)၊ မခေမာမင်း(1st. year B.Tech, Civil)၊ မနှင်းဝေယံ(1st. Year၊ ဆေး-၁)တို့၏ ချစ်လှစွာသောအဘွား၊ မသွန်းရတီ၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်အေးကြည်သည် ၁၈-၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် နှင်းဆီကုန်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်-၆၅(E)၊ ဗဟိုလမ်း၊ (၃-ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းကြည်

(ဂုဏ်ပိုးထည်တိုက်)

အသက်(၉၁)နှစ်

